ကလေးတွေဘဲ ဖြစ်ပါတယ်။ ပါးစပ်ပေါက်ပေါင်း များစွာအတွက် ဝမ်းရေးဝဖို့ နေ့ရော ညပါ အလုပ် လုပ်နေတာတောင် ဝတ်တလှည့် ပြတ်တလှည့် ဖြစ်နေတုံးပါဘဲ။ စားဖို့ သောက်ဖို့ ရှန်းရတဲ့အထဲ ကလေးက ကျန်းမာရေးချူချာ ပြန်တော့ ကြံရာ မရတဲ့အဆုံး အလုပ်ပိုင်ရှင်သူဌေးဆီမှာ အသနားခံပြီး ဆေးဖိုးကို အတိုးနဲ့ ချေးယူလိုက်မိပါတော့တယ်။ မနိုင်မှန်းသိတဲ့ ဝန်ကို သက်သက်မဲ့ ကျွန်တော် ထမ်းလိုက်ရပြီပေါ့။ ပြန်မပေးနိုင်တော့၊ နှစ်ပေါင်းများစွာ သစ္စာရှိရှိ အလုပ် လုပ်ခဲ့တဲ့ ကျွန်တော့်ကို သူဌေးက မသနားတဲ့အပြင် ကြီးနိုင် ငယ်ညှဉ်း ဆိုသလို လူမိုက်ငှားပြီး ပြန်မပေးရင် သတ်ပစ်မယ်လို့ ခြိမ်းခြောက် ပါတယ်။

ခန္ဓာကိုယ်ကို ဖဲ့ပြီး ပေးလို့ရရင် ပေးလိုက်ချင်ပေမဲ့ မိသားစုအတွက် အသက်တော့ ဆက်ပြီး ရှင်ရအုံးမှာဖြစ်ပါတယ်။ ဒီလိုနဲ့ဘဲ ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား မသိတော့တဲ့ သိတင်းတစ်ခုကြောင့် အကြွေးဆပ်ဖို့ အများနည်းတူ လူအုပ်ကြားထဲဝင်ပြီး ကျွန်တော် တန်းစီလိုက်ပါတော့တယ်။ ကျွန်တော် တန်းစီနေတဲ့ နေရာကတော့ ကျောက်ကပ် ရောင်းဝယ်ရေး ဌာနဘဲ ဖြစ်ပါတယ်။ ရွာထဲကို ကျောက်ကပ်ပွဲစားတွေလာတိုင်း ကျွန်တော့်လို ဖွတ်ကျားများ ကျောက်ကပ်ရောင်းဖို့ အလုအယက် စာရင်းပေး စမြဲ ဖြစ်ပါတယ်။ တိုတိုနဲ့ပြောရရင် နောက်ဆုံး ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ထဲက ကျောက်ကပ်လေး ထွက်သွားရပေမဲ့ ရရှိလိုက်တဲ့ ငွေကြေးပမာဏကတော့ ရောင်း ရငွေရဲ့ သုံးပုံ တစ်ပုံဘဲဖြစ်ပါတယ်။ ကျန်တာတွေကတော့ လူလည်ကျတဲ့ ကျောက်ကပ်ပွဲစားတွေ လက်ထဲပါသွားကြပါတယ်။ အခုတော့ ကျွန်တော်ရဲ့ အဖြစ်က အတိုးနဲ့ ချေးတဲ့ငွေ အရင်းမကြေတဲ့ အပြင် ကျန်းမာရေးပါ ထိခိုက်လာပါတော့တယ်။ ဒီအဖြစ်ထဲက ကျွန်တော့်ကို ဘယ်သူ ကယ်တင်နိုင်မှာတဲ့လဲ။



ဘာဘဲဖြစ်ဖြစ်ဗျာ၊ ကျွန်တော်တို့လို အခြေခံလူတန်းစားတွေရဲ့ နိမ့်ကျနေတဲ့ ဘဝကို ကမ္ဘာသိအောင် တင်ပြပေးနိုင်တဲ့သူ ရှိရင် ကျေနပ်ပါပြီလို့ ပြောကြားပါရစေခင်ဗျား။

*နိဂုံး။* ထိုဖြစ်ရပ်နှစ်ခုကို တီဗွီဖန်သားပြင်မှာ ကြည့်ရင်း ကျွန်မ မျက်ရည်များ စီးကျလာပါတော့တယ်။ မိမိကိုယ်ကို သုံးသပ်ရင်း မိမိအဖြစ်ကို မြင်လာပါတော့တယ်။ နှစ်ပေါင်းများစွာ အိမ် အလုပ်ကိုလုပ် နေရတဲ့အတွက် ညည်းညူပြီး ဘုရားရှင်ကို ကျွန်မ အပြစ်တင်စကား ဆိုခဲ့မိပါတယ်။ မကျေမနပ် နှုတ်နဲ့ အထပ်ထပ် စော်ကား မိပါတယ်လို့ ဝန်ခံပါရစေ။ တကယ်တော့ ကျွန်မရဲ့ လက်ရှိဘဝဟာ အင်မတန် သက်တောင့်သက်သာရှိလှပါတယ်။ နောက်ဆုံးပေါ် ခေတ်မှီတဲ့ အိမ်ကြီးထဲမှာ ကိုယ်ပိုင်အိပ်ခန်း၊ ကိုယ်ပိုင် ရေလုံအိမ်သာ၊ ရေပူ ရေအေးရေချိုးခန်း အပြင် အပျင်းပြေကြည့်ဖို့ တီဗွီ၊ ကက်ဆက်၊ ဗီစီဒီ အစရှိသဖြင့် နွေးထွေးလုံခြုံစွာ နေထိုင် ရရုံသာမက ဝလင်စွာ စားရသော အခွင့်လဲ ရခဲ့ပြန်ပါတယ်။ လှပစွာ ဝတ်ဆင်နေရဆဲဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ အတောင်တော် အရိပ်အောက်မှာ ကြည့်ရှုစောင့်မခြင်း ခံနေရဆဲဖြစ်ပါတယ်။ စာဖတ်သူများလဲ အထက်ပါ ဖြစ်ရပ်နှစ်ခုနဲ့ နှိုင်းယှဉ်ပြီး မိမိရဲ့ အသက် တာကို သုံးသပ်ကြည့်ပါ။ ကျွန်မကဲ့သို့ ဘုရားသခင်ကို အပြစ်တင် ခဲ့မိတယ်ဆိုရင် အတူတူ ဒူးထောက်လို့ အပြစ်ဝန်ချကြရအောင်လား။ ပြီးတော့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ရေတွက်ပြီး ရှိတဲ့ဘဝ၊ ရှိတဲ့ အခြေအနေ ထဲမှာ သာ၍ တိုး၍ ထပ်ဆင့်ပြီးတော့ ကျေးဇူးတော် ချီးမွမ်းကြ ပါစို့လားလို့ တိုက်တွန်းရင်း ....

**အို ငါ့ ဝိညာဉ် ထာဝရ ဘုရားကို ကောင်းကြီးပေးလော့။ ကျေးဇူးတော် အပေါင်းကို မမေ့မလျော့နှင့်။ ဆာလံ ၁၀၃ ႏ ၂။**

**အမျက်တော်သည် ခဏ ထွက်၏။ ကျေးဇူးတော်မူကား တစ်သက်လုံး တည်၏။ ဆာလံ ၃၀း၅ ။** သာ၍ တိုး၍ ထပ်ဆင့်ပြီးတော့ ချီးမွမ်းနေအုံးမဲ့ ....

**ဆုးရင့်ခါမိး** ( ခေတ္တ ကမ္ဘာမြေ )

( ဝန်ခံချက် ။ တီဗွီ ဖန်သားပြင်မှ မြင်တွေ့ခဲ့ရသော ဘဝနှစ်ခုအား၊ ပြန်လည် ခံစား ရေးသား ထားခြင်းဖြစ်ပါသည် )

---

## ဇီးရိုး ၊ ယဇ်းရိုး (နိုင်မာမာရီ)

စင်ကာပူ မြန်မာ **Silk Air** လေယာဉ်သည် ဇွန်လ၂၉ရက် ၂၀၀၇ ခုနှစ် နေ့လည် ၂နာရီတွင် စင်ကာပူလေဆိပ်သို့ ဆိုက်ရောက်လာ ပါသည်။ ထိုလေယာဉ်နှင့်အတူ ကျွန်မ လိုက်ပါလာခဲ့ပါသည်။ တည်းရမည့် အိမ်မှ အိမ်သူကြီးက အိမ်ငှားစာချုပ် ချုပ်ဖို့ရန် သူ့အိမ်ရှင် လာမှာဖြစ်တဲ့အတွက် အိမ် သန့်ရှင်းရေးလုပ်နေမို့ ည ကိုးနာရီ နောက်ပိုင်းမှ လာခဲ့ရန်ပြောပါသည်။ "ဟော့ သူငယ်ချင်း ငါရောက်လာပြီ၊ ဘာလဲ **Go to jail** လား" ဟင် လန့်လိုက်တာ၊ နိမိတ်ဖတ်တာ များလားဟု စိတ်ထဲ တထင့်ထင့် ဖြစ်မိပါသည်။ "ဟဲလို ကျွန်မနဲ့ ပါလာတဲ့ ပစ္စည်းတွေကို .... အို အထွက် ဂိတ် ရောက်နေပြီကိုး၊ ဖုန်းဆက်စရာလေးတွေ ရှိနေလို့ ၁၀မိနစ်လောက် စောင့်ပါနော်"



မြန်မြန်ထွက်မှ၊ လုပ်စရာတွေ အများကြီး ရှိနေသေးတယ်။ ခပ်သွက် သွက်လှမ်းကာ **Immegration** အရောက်တွင် "အရင်က စင်ကာပူ လာဖူးတယ်လား" "ဟုတ်ကဲ့ရှင့်" **Calling letter** နှင့် **Return Ticket** မေး၍ ပြရပါသေးသည်။ "**Show money** လား မပါဘူး" "လာရင်း ကိစ္စက" "ဟုတ်ကဲ့ **Cousin** ကို ပြုစုဖို့ပါ " "ဘယ်နှစ်ရက် နေမှာလဲ" "နှစ်ပါတ်ပါ" "ပတ်စ်ပို့ နဲ့ ဝှိုက်ကတ်ပေးပါ" ပေးလိုက်တာတွေကို ကွန်ပျူတာနဲ့ စစ်ဆေးပြီး "ဟိုနားက ညွှန်သည် ထိုင်ခုံ ရှိတဲ့ နေရာမှာ သွားထိုင်နေလိုက်ပါအုံး" ဟုဆိုကာ ပတ်စ်ပို့ ပြန်ပေးပါသည်။

ဆိုဖာပေါ်တွင် ထိုင်နေရင်းမှ "စိတ်တိုင်းကျ စစ်နိုင်တယ်။ အကြံအဖန် ဘာတစ်ခုမှ မပါပါဘူး၊ စစ်အုံးမလား **MOM** ဌာနအထိ" ဟုပြောနေမိသည်။ ယခုလည်း စုံစမ်းစစ်ဆေး မေးမြန်းခဲ့ပြီးပြီ။ ဖြစ်နိုင်ချေ ရှိသည်မှာ ပတ်စပို့ရှိ ဓါတ်ပုံမှာ တောသူပုံ ဖြစ်နေပြီး အပြင်ပုံမှာ တရုတ်မတွေ မမှီနိုင်လောက်အောင် ချောနေလို့ အတုလို့ ထင်နေတာဖြစ်မှာပေါ့ရှင်။ အဲ တစ်နာရီတောင် ကြာသွားပြီ၊ ဘယ်လိုပါလိမ့်၊ ထပ်မေးအုံးမှ "နောက်တစ်ယောက်နဲ့ လွဲလိုက်တယ်၊ ဆက်ထိုင်နေပါ"တဲ့။ မန်းနီး မပါတော့ ဘယ်ဝင်ခွင့် ရပ့ါမလဲ၊ ပြန်ရုံဘဲပေါ့။

စိုးရိမ်စိတ်များ တဖွဲဖွဲဝင်လာကာ "ငါတော့ ပြစ်ဒဏ်သင့်ပြီနဲ့တူတယ်။ ဟုတ်တယ် ဒါ ငါ့အမှား၊ ပါးစပ်နဲ့ ဘုရားကို ချစ်ပြီး စိတ်မရှည်သည်းမခံ၊ ဒေါသပြင်းထန်၊ မထိနဲ့ မီးပွင့်သွားမယ်ဆိုတာ ရှိသေး။ ကောင်းတာ ဘာရှိလဲ **Nothing** " ဟုတွေးနေမိသည်။ စိတ်ပျက်ပျက်ဖြင့် သူငယ်ချင်း ပြောသည့်အတိုင်း ပြန်ရုံဘဲပေါ့ဟု ခံယူပြီး ဝိညာဉ်ရေးရာ "ဇီးရိုး" အဆင့်ထိ ကျသွားပါသည်။

ပူပန်ကြောင့်ကြမှု၊ တွေဝေမှု၊ ဝမ်းနည်းမှုတွေကို အတင်း ဖျောက်ဖျက် ပစ်လိုက်ပြီး "ဘုရားနဲ့ စကားပြောမယ်။ ဘာ့ကြောင့် ဒီလို ကြုံတွေ့စေတာလဲ၊ အဖြေပေးပါ၊ ကိုယ်တော့်အား ပြစ်မှားမိခဲ့သမျှ တောင်းပန်ပါ၏။ ထင်မှတ်မထားဘဲ အံ့သြစရာအမှုကိုလဲ ကိုယ်တော် ပြခဲ့ပါ၏။ ဒီထက် အံ့သြစရာ ပြအုံးမည် ဆိုတာကို ယုံကြည်ပါ၏။ ဆက်၍ မြှော်လင့်ပါ၏။ ကိုယ်တော် စီစဉ်ပေးမှုကို လက်ခံပါမည်" ဟု ရှေ့နောက် မညီညာ ဘဲ ကိုယ်တော် နားညည်းအောင် ရင်ဖွင့်ပါတော့သည်။

**အဘယ်အမှုကိုမျှ စိုးရိမ်ခြင်း မရှိဘဲ အရာရာ၌ ကျေးဇူးတော် ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသောအားဖြင့် သင်တို့တောင်းပန်လိုသော အရာများကို ဘုရားသခင်အား ကြားလျှောက်ကြလော့။ သို့ပြုလျှင် အဘယ်သူမျှ ကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏ စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။ ဖိလိပ္ပိ ၄း၆-၇** အားဖြင့် ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း ခံစားရလာပါသည်။

ညနေ ၆နာရီရှိပါပြီ။ လူကြုံပစ္စည်းလာယူသော သူကို ပြောဖို့ရန် ဖုန်းခွက်ယူကာ "ဟဲလို မစောင့်နဲ့တော့နော် **Pass** မရလောက်ဘူး။ ရန်ကုန် ရောက်ရင် **Email** ပို့မယ်။ လိပ်စာအတိုင်း **Pennisula** ကိုလာပို့ပေးမယ် ပြန်တော့" ဟုသာ ကြံစည်ထားသော စကားတွေကို မပြောဖြစ်ဘဲ ဆန့်ကျင်ဘက်စကားတွေကိုသာ ပြောဖြစ်သွား ပါသည်။ "ထွက်ရမှာပါ 'ရစ်'နေတာပါ၊ **Baggage** ရွေးရမဲ့ နေရာကို ပြောပါ။ ကျွန်တော် မုန့်ဆိုင်မှာ စားနေပါတယ်၊ ဆက် စောင့်နေမှာပါ" ဟု ချက်ခြင်း ပြန်ဖြေပါသည်။

"အထွက်ဂိတ်ကို သွားမယ်။ ဒီမှာ ည မအိပ်ချင်ဘူး။ ရန်ကုန် ရောက်ရင် ကားမရှိ၊ ညည့်နက်လိမ့်မယ်။ စင်ကာပူက ဝင်ခွင့်မပေးလဲ မြန်မာပြည်က ဝင်ခွင့်ပေးလိမ့်မယ်။ ဘုရားရှင်ပြင်ဆင်ပေးမှာပါ" ထို့ကြောင့် တာဝန်ရှိ ပုဂ္ဂိုလ် ထို "စလုံး"အား **Soooo How?** ဟု အောင်မြင်သည့် အသွင် အပြုံးပန်း ဆင်လျှက် မေးခွန်းထုတ်လိုက်ရာ "ပေး၊ နိုင်ငံကူး လက်မှတ်၊ နှစ်ပါတ်ဘဲ၊ နောက် ထပ်မတိုးနဲ့တော့"ဟု ကျွန်မအား မကြည့်ဘဲ၊ စာအုပ်တွင် မှတ်ချက်ရေးကာ ဝင်ခွင့်ပြုခဲ့ပါ၏။

အခန်းရောင် နှလုံး ပုံသည် လူသားများ၏ စိတ်နှလုံးကို ကိုယ်စား ပြုသည်။

ကျွန်မ၏ စိတ် ခန္ဓာ ဝိညာဉ်ရေးရာမှာ “ဟီးရိုး” အသွင်အပြင် ဖြစ်သွားပါသည်။ ဤ အတွေ့အကြုံ အားဖြင့် “ကိုယ်တော်အနားမှာ ရှိသည်။ အစဉ်အမြဲ စက္ကန့်တိုင်း **HERO** အသွင် ဖြစ်နေရမည် ဆိုသည့် ဘုရား၏ သွန်သင်မှုကို ရရှိပါ၏။ ကြိုတင်ပြင်ဆင်ထားမှု မရှိဘဲ၊ တစ်နှစ်ခွဲအတွင်း လေးကြိမ်တိုင် အိမ်ပြန်ခွင့် ရခဲ့ခြင်းနှင့်အတူ စုစုပေါင်း လေယာဉ် ၁၀ကြောင်းကို အန္တရာယ် ကင်းစွာ စီးခွင့်ပေးခဲ့သော ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်း၍ ... ။ ။ **( မိုင်းမာမာရီ )**

(စာကြွင်း။ ကျွဲ၊ နွား၊ မြင်းလှည်း အကြိမ်ကြိမ် စီးခဲ့ရစဉ် ကလေးဘဝက လိမ်ပုံ (လေယာဉ်ပျံ) စီးဖူးချင်လိုက်တာ၊ ဟု တောင့်တခဲ့ဖူးပါသည်။ မဖြစ်နိုင်မှန်း သိတော့ ကြောက်စရာ အလွန်ကောင်းဟု ဖြေသိမ့်ခဲ့ရဖူးပါသည်။)

ဝန်ခံချက်။ ။ ဆုတောင်းခြင်းဖြင်း အစပြုခဲ့သောကြောင့် ပြည်ဝင်ခွင့် ရရှိခဲ့ပါ၏။

---

## ဘုရားသခင်ကို ဘယ်လို ဆက်ကပ်မလဲ (မာရာနသာ နီနီခိုင်)



**ရောမ ၁၂း၁-၅၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက် တော်မူဘွယ်သော လက္ခဏာနှင့် ပြည့်စုံသော ယဇ် ကို သင်တို့သည် ပူဇော်၍ ... ။**

လောကကြီးမှာ လူတိုင်း အစာ တစ်မျိုးမျိုးကို စားသုံးကြရမှာ ဖြစ်ပါတယ်။ ယုံကြည်သူများကမူ သူများထက် တမူထူး၍ အစာ သုံးမျိုးကို စားရခြင်းမှာ အခွင့်ထူးခံ လူတန်းစား ဖြစ်နေလို့ပါဘဲ။

၁) ခန္ဓာကိုယ် အတွက် အစာ။
၂) စိတ်နှလုံး အတွက် အစာ ( တစ်ဦးနှင့်တစ်ဦး မတူညီ)
၃) ဝိညာဉ် အစာ တို့ဖြစ်ပါတယ်။

ဝိညာဉ်အစာဟာ ကျမ်းစာ ဖတ်ခြင်းဖြစ်ပြီး ၊ ဆုတောင်းခြင်းဟာ အသက်ရှူခြင်းဖြစ်ပါတယ်။ မိတ်ဆွေရဲ့ အသက်တာမှာ ကျမ်းစာ မဖတ်၊ ဆု မတောင်းရင်၊ အစာ မစား၊ အသက် မရှူတဲ့ လူလိုဖြစ်သွားပါလိမ့်မယ်။ အဲဒီ အခါမှာ ဘုရားသခင်လိုချင်တဲ့ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်း လက္ခဏာတွေ မရှိတော့ဘဲ၊ လူသေ တစ်ယောက်လိုဖြစ်သွားပါလိမ့်မယ်။

ကျမ်းစာလာသည့်ကား ရောမ ၆း၁၂-၁၄ ကျွန်ုပ်တို့ ၏ ကိုယ်ခန္ဓာကို ဒုစရိုက် လက်နက်အဖြစ် အသုံးမခံဘဲ သေခြင်းမှ ထမြောက် အသက်ရှင်သော ခရစ်တော်ကဲ့သို့ ဘုရားသခင်အား ကိုယ်ကိုယ်ကို ဆက်ကပ်ကြလော့။ ကိုယ် အင်္ဂါများကိုလဲ သုစရိုက် လက်နက်ဖြစ်စေ၍ ဘုရားသခင်အား ဆက်ကပ်ကြလော့ လို့ ရေးသားပြောဆိုထားပါတယ်။

ယုံကြည်သူများဟာ ကိုယ့် စိတ်ကြိုက် ဖြစ်သလို အသက်ရှင်လို့ မရပါဘူး။ နှုတ်ကပါတ်တော်က **၁ကော ၆း၂၀** မှာ **သင်တို့သည် အဘိုးနှင့် ဝယ်တော်မူသောသူ ဖြစ်သောကြောင့် ဘုရားသခင် ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှားစေကြလော့** လို့ ဆိုထားပြန်ပါတယ်။ မိတ်ဆွေ ကောင်းကောင်း အသက်မရှင်ရင် သူတစ်ပါးက “ဒီလူ ခရစ်ယာန်ဖြစ်ပြီး ဒီလိုလုပ်တယ်”လို့ ကဲ့ရဲ့ ပြစ်တင်တဲ့အခါ သားသမီး မကောင်း ၊ မိဘခေါင်း ဆိုတဲ့ စကားလို ခရစ်တော် ရဲ့ နာမတော်ကို ထိခိုက်မှာဖြစ်ပါတယ်။

၁) ယုံကြည်သူရဲ့ နေ့စဉ် အသက်တာမှာ (က) ချီးမွမ်းခြင်း၊ (ခ) အပြစ်ဝန်ချတောင်းပန်ခြင်း၊ (ဂ) ဆက်ကပ်ခြင်း ဆိုတဲ့ အသက်တာနဲ့ အသက်ရှင်ရမှာဖြစ်ပါတယ်။

ဥပမာ - အာဗြံဟံကို ဘုရားသခင်က က-၁၂ မှာ သင်၏ အမျိုးသားချင်း ထဲက ထွက်၍ ငါပြလတ္တံ့သော ပြည်မှာ လူမျိုးကြီး ဖြစ်စေမယ်။ လို့ မိန့်ခဲ့ပါတယ်။ စာရာဟာ ‘ကျွန်မ’နဲ့ သူ့သားကို နှင်ထုတ် ခိုင်းတဲ့အတွက် အာဗြံဟံ အခက်တွေ့ခဲ့ပါတယ်။ ဘုရားသခင်က နှင်ထုတ် ခိုင်းတာ ဖြစ်တဲ့အတွက် နှင်ထုတ်ခဲ့ရပါတယ်။ တစ်ယောက်တည်းသော သားကို ယဇ်ပူဇော်ရန် တောင်းတဲ့ အတိုင်း အာဗြံဟံ ဘုရားသခင်ကို ပြန်ပေးခဲ့ပါတယ်။ ကျွန်ုပ်တို့ အသက် တာဟာလည်း အာဗြံဟံလို မငြင်းဆန်ဘဲ ဘုရားသခင် အတွက် ဆက်ကပ်ရဲတဲ့ သူတွေ ဖြစ်ဖို့လိုပါတယ်။

၂) ဘုရားဘုန်း ထင်ရှားဖို့အတွက် ဒံယေလ နဲ့ သူ့အဖော်များဟာ ဒံယေလ ၁း၈မှာ ပွဲတော်က ကြွင်းကျန်တဲ့ အစာနဲ့ ယစ်မူးတတ်တဲ့ စပျစ်ရည်ကို မသောက်မစားဘဲ ညစ်ညူးခြင်းကို ရှောင်ခဲ့ပါတယ်။ ဆာလံ ၁ မတရားသော သူတို့၏ တိုက်တွန်းခြင်းသို့ မလိုက်၊ လူဆိုးတို့ စည်းဝေးသော လမ်းတွင် မရပ်မနေ၊ မထီမဲ့မြင်ပြုသောသူတို့ အစည်းအဝေး၌ မထိုင်။

၃) မှန်ကန်တဲ့ ဘုရားသခင်၌သာ ပျပ်ဝပ်ကိုးကွယ်မှုကို သက်သေထူတဲ့ ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါ တို့ကို မီးလောင်တိုက်ထဲမှ ဘုရား သခင်က ကယ်နှုတ်ခဲ့သလို၊ ခြင်္သေ့တွင်းထဲ ကျနေတဲ့ ဒံယေလ ကိုလဲ ဘုရားသခင်က ကယ်တင်ခဲ့ပါတယ်။

**၂ကော ၅း၇ မျက်မှောက် မမြင်ဘဲ ယုံကြည်၍ မျှော်လင့်ခြင်း ရှိသည့် အတိုင်း ငါတို့သည် ကျင့်ဆောင်ပြုမူသည် ဖြစ်၍ ... ။**

သန့်ရှင်းခြင်း ပါရမီကို မှီအောင် လိုက်နိုင်ဖို့အတွက် စိတ်၊ နှုတ်၊ ကျင့်ကြံ ပြုမူခြင်းတို့ဟာ အရာရာ၌ သန့်ရှင်းခြင်းရှိဖို့လိုပါတယ်။ ယုံကြည်သူများဟာ လောကကြီးထဲမှာ နေထိုင်နေရတဲ့အတွက် အောင်မြင်ခြင်း၊ ကျဆုံးခြင်းများနဲ့ ဒွန်တွဲပြီး တွေ့ကြုံနေရပါတယ်။ လောကမှာ နေတဲ့အတွက် လောကက အရာတွေကို လွှဲရှောင်လို့ မရပါဘူး။ ယုံကြည်သူ အချင်းချင်း ပြောဆိုဆက်ဆံရာမှာ ဘုရားသားသမီးများ ဖြစ်တဲ့အတွက် ပြောသင့်တဲ့ စကားနဲ့ မပြောသင့်တဲ့စကားကို ခွဲခြားပြောဆိုဖို့ လိုပါတယ်။ မိဘ စိတ်ဆင်းရဲရသော သား သမီးများ မဖြစ်ဖို့ ဘုရားသခင်နဲ့ အတူ သွားလာနေထိုင် အသက်ရှင်ဖို့ လိုပါတယ်။

**ကိုယ်ခန္ဓာတွေကို ဘယ်လို ဆက်ကပ်ရမလဲ။**

၁) ခြေထောက် ( ဘုရားသခင် ခိုင်းသော နေရာများကိုသာ သွားရန်၊ မကောင်း မသင့်သော နေရာကို မသွားရန်)
၂) လက် ( ဘုရားအတွက် အကျိုးပြု လုပ်ငန်းတွင် ကူညီမစရန်)
၃) မျက်လုံး ( ပျောက်ဆုံးသော ဝိညာဉ်ကို ရှာဖွေရန်၊ မကောင်းသော အရာများကို မကြည့်ရှုရန်)
၄) နှုတ်ပါးစပ် ( ခရစ်တော်အကြောင်း ပြောရန်၊ သူတစ်ပါး အသရေ ကို ရှုတ်ချရန် မဟုတ်ပါ)
၅) စိတ်နှလုံး (ကောင်းသော အရာကို ကြံစည်ရန်)
၆) စွမ်းအား ( ဝိညာဉ် ဆုကျေးဇူး ရှိသလောက် ပါဝင်ဆက်ကပ်ပါ။)
၇) အချိန် ( ဒံယေလ တစ်နေ့ သုံးကြိမ်ဆုတောင်း၍၊ ဒါဝိဒ် တစ်နေ့ ခုနစ်ကြိမ် ချီးမွမ်းသည်)
၈) ငွေကြေး ( မုတ်ဆိုးမရဲ့ ကြေးနီ ဒင်္ဂါး နှစ်ပြားလို စေတနာစိတ်နဲ့ ရှိသမျှ ပေးလှူရမည်)

ကိုယ် စိတ် နှလုံး အကြွင်းမဲ့ ဘုရားသခင်ကို ဆက်ကပ်နိုင်ဖို့ အတွက် သခင် ခရစ်တော်ရဲ့ မေတ္တာနဲ့ အနည်းငယ် ဝေမျှလိုက်ပါတယ်။

**( မာရာနသာ နီနီခိုင် )**

---

## ပူညူးမ ရေးတဲ့စာ (၁) (ပူစူးမ)

သူငယ်ချင်း...နင်ရေးတဲ့စာကို သခင့်စကား (ဝိညာဉ်ရေးရာစာစောင်) မှာ ဖတ်လိုက်ရလို့ စာပြန်ရေးလိုက်ပါတယ်။ မြန်မာပြည်မှာ နေခဲ့တုံးက ငါက ဘုရားကျောင်းသွားရမှာ အရမ်း ပျင်းခဲ့တယ်။ မိဘ မောင်ဘွားတွေနဲ့ အတူတူ နေနေရဲ့သားနဲ့ သူတို့ မသိအောင် အမှားတွေကိုလဲ ဆက်တိုက် လုပ်ခဲ့တယ်။ မှားမှန်းသိလျက်နဲ့ မရှောင်နိုင်ခဲ့ဘူး။ ဆုတောင်းတာတောင်မှ မဖြစ်မနေ ပဌနာတော် လောက်နဲ့ဘဲ ပြီးသွားတာ များတယ်။ အဲဒါကြောင့် ပျော်ရွှင်ခြင်းရဲ့ နောက်ကွယ်မှာ ဝမ်းနည်းမှုတွေ ဆက်တိုက်ကြုံခဲ့ရတယ်။ ကုန်ကုန်ပြောရရင် လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ ချစ်သူတောင်မှ တစ်နှစ်ကျော်သွားတဲ့ အထိ အဆက်အသွယ် မလုပ်ခဲ့ဘူး။ မထူးဇာတ် ခင်းတော့မယ်လို့ ဆုံးဖြတ်ချက် ချတော့မဲ့ အချိန်မှာ ဘုရားရှင်က ငါ့ကို စင်ကာပူနိုင်ငံ အရောက် ပို့ဆောင်ခဲ့ တယ်။

စင်ကာပူ ရောက်မှ ငါ့ကို ဘုရားနဲ့ ပိုပြီး နီးစပ်သွားအောင် ဘုရားသခင်က လုပ်ဆောင် လိုက်တယ် ဆိုတာ အခုမှ ငါနားလည်ခဲ့ရတယ်။ စင်ကာပူမှာ အိမ်အလုပ်တွေကို အိမ်တွင်းပုန်း လုပ်နေရင်း အပြင် ထွက်ခွင့် မရတဲ့အချိန်မှာ အပြင်ထွက်ခွင့်ရလို့ ဘုရားကျောင်း သွားတက်နိုင်တဲ့ သူငယ်ချင်း တစ်ယောက်က တဆင့် စင်ကာပူ နိုင်ငံမှာ အခမဲ့ ဖြန့်ချိနေတဲ့ သခင့်စကား စာစောင်လေးကို ဖတ်ခွင့်ရခဲ့တယ်။ အခုဆိုရင် အိမ်ရှင် စင်ကာပူ သူဌေး တက်တဲ့ ဘိုလိုပြောတဲ့ ဘုရားကျောင်းမှာ သူတို့နဲ့အတူ အပါတ်စဉ် တက်ခွင့်ရခဲ့ပါတယ်။ ဘာသာစကား နားမလည်ပေမဲ့ ငြိမ်းချမ်းခဲ့ပါတယ်။ အဲ့ဒီအပြင် မြန်မာ တိုင်းရင်းသားတွေ စုပေါင်းဝတ်ပြုကိုးကွယ်တဲ့ ယုဒသန်

နှစ်ခြင်း အသင်းတော်ကို လစဉ် တစ်လ တစ်ကြိမ် ပုံမှန် တက်ခွင့်တောင်းလို့ အိမ်ရှင်သူဌေးက ခွင့်ပြုခဲ့တယ်။

ဘုရားကျောင်းလိပ်စာ မသိလို့ သခင့်စကား အယ်ဒီတာ ဆီ စာရေး အကူအညီ တောင်းတဲ့အခါ စာတိုက်ကတဆင့် ဘုရားကျောင်း လိပ်စာနဲ့ မြေပုံကြမ်းလေး ဆွဲထည့်ပေးလိုက်လို့ ငါ့သူဌေးနဲ့ ငါ နင်တို့ ဘုရားကျောင်းကို အလွယ် တကူ ရှာတွေ့ခဲ့တယ်။ အခုဆိုရင် ငါဟာ ဘုရားကျောင်း တက်ရတဲ့ အရသာ၊ ယုံကြည်သူ ခရစ်ယာန် အချင်းချင်း ရင်းနှီး ကျွမ်းဝင်ရတဲ့ အရသာ၊ သာသနာ အမှုတော်မြတ်ကို အတူတကွ လက်ပွန်းတနီး ပူးပေါင်းဆောင်ရွက်ရတဲ့ အရသာ၊ နှုတ်ကပါတ်တော် လေ့လာ ဆည်းပူးရတဲ့ အရသာ၊ ဘုရားသခင်ရဲ့ ဂုဏ်တော်ကို ချီးမွမ်းရတဲ့ အရသာ တွေဟာ အရမ်း ထူးကဲ မွန်မြတ်လှတယ် ဆိုတာ ကောင်းကောင်းကြီး နားလည်ခဲ့ရပါတယ်။ အရမ်းလဲ ပျော်ခဲ့ပါတယ်။

ငါဟာ စင်ကာပူရောက်ပြီးလို့ သုံးနှစ်ကြာမှ ဘုရားကျောင်း တက်ခွင့်ရခဲ့တဲ့သူ ဖြစ်ပါတယ်။ မြန်မာပြည်မှာတုံးက ဘုရားကျောင်း လွတ်လွတ် လပ်လပ်တက်ခွင့်ရရဲ့သားနဲ့ မတက်ခဲ့တဲ့ အတွက် စင်ကာပူမှာ သုံးနှစ်ထိ ဘုရားကျောင်းတက်လို့ မရအောင် ဘုရားရဲ့ ဒဏ်ခတ်ခံ ထိခဲ့တယ်၊ သင်ခန်းစာ ပေးခံထိတယ်လို့ ငါ နားလည်ခံယူမိပါတယ်။ အခုဆိုရင် စိတ်ရဲ့ ငြိမ်းချမ်းမှုကိုလဲ ရခဲ့တယ်လေ။ ဘာဘဲဖြစ်ဖြစ် ဝမ်းနည်းကြေကွဲမှုတွေ မရှိတော့ဘူး။

အရင်တုံးက ဆိုးသွမ်းမိုက်မဲမိခဲ့တဲ့ ဘဝနဲ့ လုပ်မိခဲ့တဲ့ အပြစ်တွေကို ပြန်စဉ်းစားမိတိုင်း စိတ်ထိခိုက်ပြီး ငိုချင်လာမိတယ်။ ဩော်–နင်က ညဘက် လွတ်လွတ်လပ်လပ် ထွက်ခွင့်ရတဲ့သူ ဆိုတော့ ဒီတစ်ပါတ် ဗုဒ္ဓဟူးနေ့ ဆုတောင်း စည်းဝေးသွားတက်တဲ့အခါကျရင် ငါ့အတွက် ဆုတောင်း ပေးပါဟာ။

နံပါတ်(၁) ငါ ဘုရားရှင်နဲ့ အတူတူ လိုက်လျှောက် အသက်ရှင်နိုင်ဖို့၊

နံပါတ်(၂) စုံစမ်းနှောက်ယှက်မှုတွေကို ခရစ်တော်ရဲ့ နာမတော်အားဖြင့် အောင်မြင်ကျော်လွှားနိုင်ဖို့၊

နံပါတ်(၃) ချစ်သူကို ပြန်လိုချင်တယ်။

အဲဒီဆုတောင်းချက်တွေကို ဘုရားကျောင်းက ဆုတောင်း သူရဲကောင်း အဖွဲ့ကို ကျေးဇူးပြုပြီး တင်ပြ ဆုတောင်းခိုင်းပေးပါနော်။ ဩော် နံပါတ်(၃) ဆုတောင်းချက်ထဲမှာပါတဲ့ 'ချစ်သူကို ပြန်လိုချင်တယ်' ဆိုတဲ့ ဆုတောင်းချက်ကို နင်ရယ်၊ သင်းအုပ်ဆရာရယ် နှစ်ယောက်တည်း တိတ်တိတ်လေး ဆုတောင်းပေးနော်။ တခြားသူတွေကို လျှောက် မပြောနဲ့ သိလား။ အရေး အကြီးဆုံးက သခင့်စကား စာစောင်ထဲမှာလဲ ထည့် မရေးလိုက်နဲ့အုံး။ သူများတွေ သိသွားရင် ရှက်စရာကြီး။ ငါ့သူငယ်ချင်းတွေ ဖတ်မိရင် ငါ့ကို 'ငပေါမ' ဆိုပြီး ဝိုင်းဟားကြမှာစိုးလို့ပါ။ နင့်ဆီ ဖုန်းဆက်ဖို့ ဆယ်ပြားစေ့ မရှိတော့လို့ ဖုန်းမဆက်ဖြစ်တာ၊ ဒါဘဲနော်။ ပြောစရာ ရှိတာတွေကို နောက်လမှ ထပ်ရေးလိုက်တော့မယ်။ နင့် သူငယ်ချင်း ... ( ပူစူးမ )

---

## ယောဘရဲ့ဘုရားအားချီးမွမ်းကြလော့ မလေး(ဂျူလိုင်)

**ယောဘ ၃၅း၉–၁၀ များပြားသော ညှဥ်းဆဲခြင်းကို ခံရသော သူတို့သည် အော်ဟစ်ကြ၏။ အားကြီးသောသူ နှိပ်စက်သောကြောင့် ငြင်းခွာ အော်ဟစ်တတ်ကြ၏။ သို့သော်လည်း ငါ့ကို ဖန်ဆင်းတော်မူထသော ညဉ့်အချိန်၌ သီချင်းဆိုရသော အခွင့်ကိုပေးတော်မူထသော ... ဘုရားသခင်။**

လောက သဘာဝ လူ့လောက ဘောင်အတွင်းမှာ ဖြစ်ပျက်စဉ်တွေ အများကြီးပါ။ အကောင်းအဆိုး ဒွန်တွဲနေလို့ မတွေ့ချင်လဲတွေ့ရမယ်။ တွေ့ချင်လဲ မတွေ့ရဘူး၊ တစ်ခါတစ်ရံ မွန်းကျပ်တဲ့ ဘဝမှာ ဘယ်လို ရုန်းထွက်ရမလဲလို့ လဲ စဉ်းစားမိဖူးတယ်။ "စိတ်စေတစ်သိမ့်" ဆိုတဲ့ စကား အတိုင်း စိတ်ရဲ့ လိုအပ်ချက်က ဘယ်တော့မှ မပြည့်စုံပါဘူး။ ညှဉ်းပန်း နှိပ်စက်မှုကို ခံရသောကြောင့် ဘုရားရှင်ထံ အော်ဟစ်ခဲ့တဲ့ ယောဘရဲ့ အသက်တာမှာ သူငယ်ချင်းဖြစ်တဲ့ ဧလိရဲ့ စကားတွေဟာ သူ့အတွက် သင်ခန်းစာ ရခဲ့ပါတယ်။

ကျွန်မတို့တွေရဲ့ ဘဝမှာလဲ တစ်ခါတစ်ရံ ယောဘလို ကိုယ့်ကိုယ်ကို လွန်ကျူးစွာ ဖြောင့်မတ်တယ်လို့ ထင်တတ်ပါတယ်။ ဧလိရဲ့ စကားထဲမှာ အချည်းနှီးသော စကားကို ဘုရားရှင်က နားမထောင်ဘူးလို့ ဖော်ပြထားပါတယ်။ ကိုယ့်အတွက်၊ အများအတွက် အကျိုးမရှိတဲ့ စကားတွေနဲ့ ကျွန်မတို့ဟာ ဘုရားရှင်ကို နားညည်းအောင် လုပ်တတ်ပါတယ်၊ ဘုရားကတော့ မေတ္တာ တော်ရှင် ဖြစ်လို့ နားထောင်ပါတယ်။

သူတပါးရဲ့ နှိပ်စက်မှုကြောင့် ဘယ်လောက်များ စိတ် ဆင်းရဲ ပင်ပန်း စိတ်ပျက်ခဲ့ရပါသလဲ။ ကိုယ့်ထက် ရာထူးကြီးသူတွေ၊ ကိုယ့်ထက် ချမ်းသာ သူတွေ၊ ကိုယ့်ထက် ပညာတတ်တဲ့သူတွေ ကိုယ့်ကို ဘယ်လို အနိုင်ပိုင်း သွားသလဲဆိုတာ ကို ပြန်တွေးမိရင် တနုံ့နုံ့ ခံပြင်းမိပါတယ်။ ဒီလို အခြေ အနေမျိုးမှာမှ ဘုရားရှင်က သူ့ကို ချီးမွမ်းရမဲ့ အချိန်ကို ပေးထားပါတယ်။ အထူးသဖြင့် **Festival of Praise** ကိုကြည့်ပါ။ သီချင်း ကျင့်ရတဲ့ အချိန်က ညပိုင်းဖြစ်လို့ အလုပ်ပြီးတဲ့ အချိန်မှာ အပြေးအလွှား သွားရတာ ဖြစ်ပါတယ်။ သီဆိုချီးမွမ်းခြင်းကြောင့် အထက်မှာ ဖြစ်ပျက်ခဲ့တဲ့ အခက်အခဲ တွေကို အောင်မြင်ကျော်လွှားနိုင်တာကို တွေ့ရပါတယ်။ ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ချီးမွမ်းခြင်းဖြင့် ခံစားရသော ဝမ်းမြောက်မှုအား ဘယ်အရာနှင့်မှ မလဲနိုင်ပါ။ **Festival of Praise** အားဖြင့် အချင်းချင်း မေတ္တာ နေရောင်ခြည် ပေးခြင်း၊ ဆုတောင်းခြင်း၊ မိတ်သဟာယ ပေါင်းသင်း ဆက်ဆံရေးများ ပိုမိုကြီးထွား တိုးတက်လာတာကို တွေ့ရပါတယ်။

ဒီတော့ လောကအခက်အခဲ ညှဉ်းပမ်း နှိပ်စက်မှု အောက်မှာ စိတ်ဓါတ်ကျ အထီးကျန် မနေပါနဲ့။ ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ချီးမွမ်းကြပါစို့။ လုပ်ဆောင်ရမဲ့ အချိန်ကို ဘုရားရှင်ပြင်ဆင်ပေးထားပါတယ်။ ပါဝင် ဆက်ကပ်ဖို့က မိတ်ဆွေနဲ့ ကျွန်မတို့ရဲ့ တာဝန်ပါ။ စာဖတ်သူ အယောက်စီတိုင်း ဖန်ဆင်းသော ဘုရားရှင်ကို ချီးမွမ်းတတ်၊ ချီးမွမ်းနိုင်တဲ့ သူများ ဖြစ်ကြပါစေ။

မလေး(ဂျူလိုင်)

---

## အမေ့ကိုနားလည်သွားပါပြီအမေ (နေကြီးနှင်း)



အဖေက သင်းအုပ်ဆရာ၊ အမေက အိမ်ရှင်မ။ မောင်နှမတွေက များတယ်။ အကြီးပိုင်းတွေက အိမ်ထောင်ပြုသွားကြပေမဲ့ အဆင်မပြေတော့ မိဘကဘဲ ကြည့်ရှုရပြန်တယ်။ အိမ်ထောင်မပြုသေးတဲ့ သူတွေကလဲ ကျောင်းသားတွေ၊ အလုပ်လုပ်မဲ့တွေ ဖြစ်နေပြန်တယ်။ အိမ်က သင်းအုပ် ဆရာအိမ် ဆိုတော့ ဧည့်သည် ခန ခနလာတယ်။ တတ်နိုင်တဲ့ သူတွေက ဆရာကို ထောက်ပံ့၊ မရှိတဲ့သူတွေက ဆရာကတော် ဆီမှာ အကူအညီတောင်း၊ ဟိုလူ တစ်လှည့် ဒီလူ တစ်လှည့်နဲ့ အဖေ သင်းအုပ်ဆရာ မိသားစုကို ထောက်ပံ့ကြပေမဲ့၊ တစ်ခါတစ်ရံမှာ ဘာမှ မရှိတော့အောင် ပြတ်ထွက် သွားတတ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ မိသားစု အများနဲ့ တန်းတူ နေရ၊ စားရပါတယ်။ အပိုအလျှံ မရှိပေမဲ့၊ လိုအပ်တာ အားလုံး ပြည့်စုံနေပါတယ်။

အမေဟာ ကျေးဇူးတော် ရေတွက် ချီးမွမ်းတတ်တဲ့ သူတစ်ယောက် ဖြစ်သလို၊ ပူပင်တတ်တဲ့ သူတစ်ယောက်လည်း ဖြစ်ပါတယ်။ တစ်ချို့ တတ်နိုင်တဲ့ အသင်းသားတွေက အဖေ သင်းအုပ်ဆရာ မိသားစုကို ပေးကမ်း ထောက်ပံ့ကြတဲ့အခါ အိမ်မှာ အဆင်ပြေနေတာတွေ့ရင် ကျွန်မ အမေ့ကို မေးလေ့ရှိတဲ့ စကားလေးနှစ်ခွန်းက "အမေ ပိုက်ဆံတွေ ဘယ်က ရတာလဲ။ ဘယ်သူ ပေးတာလဲ" ဆိုတာဘဲ ဖြစ်ပါတယ်။ အမေ ကျွန်မကို ပြန်ဖြေတဲ့ စကားတစ်ခွန်းက "ဘုရားသခင် ကောင်းကင်ပေါ်က ချပေး လိုက်တာ"တဲ့။ ဘယ်တော့မှ ဘယ်သူ ဘယ်ဝါ ပေးတယ်လို့ အမေ မပြော ဘူး။ ကျွန်မလဲ ဆက်မမေးတော့ဘူး၊ မေးလိုက်တိုင်းလဲ အမေက ဒီလိုဘဲ ပြန်ပြန်ဖြေလို့ ကျွန်မ နောက်ထပ် ဘယ်တော့မှ မမေးတော့ဘူး။

ကျွန်မ ရင်ထဲမှာ သောကပူလောင်မီးတွေ ခံစားရတဲ့အခါ ကျမ်းစာထဲက နောမိရဲ့ အကြောင်းကို ကျွန်မ သတိရလာတယ်။ လင်လည်း ဆုံး၊ သားလည်း ဆုံး၊ ချွေးမ တစ်ယောက်တည်းနဲ့ သူ့နေရင်း မြို့ကို ပြန်လာတော့ တစ်မြို့လုံးက သူ့ကို မမှတ်မိကြလို့ "နင် နောမိ မဟုတ်လား" လို့ဝိုင်းမေးကြတယ်။ နောမိက သူ့ကို 'နောမိ' လို့ မခေါ်ပါနဲ့၊ 'မာရ' လို့ဘဲ ခေါ်ကြပါ၊ ဘုရားသခင်က သူ့ကို ခါးသီးတဲ့ အရာ ပေးခဲ့ပြီတဲ့။ ကြွယ်ဝ ပြည့်စုံစွာနဲ့ ဗက်လင်မြို့ကနေ ထွက်သွားရပြီး ဆင်းရဲ မွဲတေ အချည်းစည်း သက်သက်နဲ့ နေရင်းမြို့ကို ပြန်လာခဲ့ရတယ်။ ဘုရားသခင်က ငါ့ကို နှိမ့်ချပြီး ဆင်းရဲ စေခဲ့တယ်။ ငါ့ကို နောမိ လို့ မခေါ်ကြပါနဲ့ လို့ပြန်ပြောခဲ့ပါတယ်။

နောမိဟာ သူဖြစ်ပျက်ခဲ့တဲ့ အဖြစ်ကို ဘုရားသခင် ပေးတွေ့စေတာလို့ ကျေကျေ နပ်နပ် ခံယူခဲ့ပါတယ်။

တစ်ခါက ကျွန်မတို့ မိသားစု အားလုံး ပြတ်လပ်နေတဲ့အချိန်မှာ အမေဟာ စိတ်ပူပင်လာပါတယ်။ “ငါတို့တွေ ဒီဆန်လေး ကုန်သွားရင် စားစရာ ဆန်မရှိတော့ဘူး၊ ဝယ်စရာ ငွေလဲ မရှိတော့ဘူး” တဲ့။ အမေ စိတ်တွေ ပူနေတယ်။ ကျွန်မ အမေ့ကို မေးလိုက်တာက “ပိုက်ဆံတွေ ရတိုင်း ဘုရားသခင် ကောင်းကင်ပေါ်က ချပေးတာလို့ အမေ ခံယူရင်၊ အခုလို ဒုက္ခ ကြုံရတာလဲ ဘုရားသခင်က သုခ စံရဖို့ ဒုက္ခကြုံစေတာလို့ အမေ မခံယူ ဘူးလားအမေ ” လို့ မေးခဲ့မိတယ်။ အမေ ကျွန်မကို ပြန်မေးတာက “ငါ ဘုရား သခင်ကို အားမကိုးဘူး၊ မမျှော်လင့်ဘူးလို့ နင်ထင်နေလို့လား” တဲ့။ ကျွန်မ အမေ့ကို ဘာမှ ပြန်မပြောပါဘူး။

အခုတော့ ကျွန်မ အမေ့ကို ကိုယ်ချင်းစာတတ် သွားခဲ့ပါပြီ။ အမေ့ကို ပြောလိုက်မိတဲ့ စကားတစ်ခွန်းအတွက်လဲ တကယ့်ကို နောင်တ ရခဲ့ပါတယ်။ ဒီအခက်အခဲ ပြဿနာတွေကို ကျွန်မ ကျေနပ်စွာ ခံယူနိုင်သလို အမေလဲ ကျေနပ်စွာ ခံယူနိုင်ခဲ့တာဘဲ။ ဒါပေမဲ့ ရင်ထဲမှာ ပြင်းထန်စွာ ခံစားနေရတဲ့ ခံစားချက် ပူလောင်မှုကို တားဆီးလို့တော့ ဘယ်ရပ့်မလဲ။ “ကျွန်မ အမေ့ကို နားလည်သွားပါပြီ အမေ ” ။ **(နေကြိုးနွှင်း)**

---

## ဖိုးမဲထူးရေးတဲ့စာ(၂) (ဖိုးမဲထူး)



သူငယ်ချင်းရေ၊ စာလေးတစ်စောင် ရေးလိုက်တယ်။ နင်လဲဖတ်၊ နင့်သူငယ်ချင်းတွေကိုလဲ ပေးဖတ်လိုက်ပေ့ါဟာ။ နင်ရေးတဲ့ စာကို ဖတ်လိုက် ရလို့ ပြန်စာ ရေးလိုက်တာပါ။ ထုံးစံအတိုင်း အလုပ်ပိတ်ရက် တစ်ရက် ဘုရားကျောင်း ကျမ်းစာသင်တန်း သွားတက်ရင်း ခွန်အားရခဲ့တာလေးကို ဖောက်သယ် ချမလို့ပါ။

ငါတို့ အသင်းတော် မိသားစု ကျမ်းစာသင်တန်းကို စနေနေ့တိုင်း ညနေ ၇နာရီခွဲ လောက်ကနေ ၉နာရီခွဲ လောက်အထိ တတ်နိုင်တဲ့ အသင်းတော် လူကြီး တစ်အိမ်အိမ်မှာ လုပ်လေ့ရှိတယ်။ ပုံမှန်အားဖြင့် အသင်းတော်ရဲ့ လက်ထောက် သင်းအုပ်ဆရာက ကျမ်းစာ သင်ပေးလေ့ ရှိပါတယ်။ တစ်ခါတစ်လေတော့လဲ ဧည့်သည် ဆရာတွေ သင်လေ့ရှိပါတယ်။ ဒီတစ်ပါတ် အလှည့်ကျတဲ့ အိမ်က ငါနေတဲ့ ဘွန်လေးဘူတာရုံနဲ့ သိပ် မဝေးတဲ့အတွက် ကျမ်းစာသင်တန်း သွားတက်ခဲ့တယ်။

ကျမ်းစာသင်မဲ့ အိမ်ရောက်မှဘဲ ဒီတစ်ပါတ်က ထူးထူးခြားခြား ကျမ်းစာ သင်တာ မဟုတ်ဘဲ အိမ်ရှင်မိန်းကလေးနဲ့ သူ့ ချစ်သူတို့ တောင်းရမ်း စေ့စပ် ကြောင်းလမ်းကြမှာ ဖြစ်တယ်ဆိုတာ သိလိုက်ရတယ်။ မှန်မှန်ပြောရရင် ငါ့တစ်သက်နဲ့ တစ်ကိုယ် ဒီလို တောင်းရမ်း စေ့စပ်တာ တစ်ခါမှ မတွေ့ဖူး ပါဘူး။ ( မင်္ဂလာဆောင်ပွဲဘဲ သွားဖူးပါတယ်။) ယောကျ်ားလေး ဘက်က မိသား ဖသားပီပီ မြန်မာ့ယဉ်ကျေးမှု ထုံးစံအရ သမ္မာတရားနဲ့ အညီ ( ယုံကြည်သူ ဖြစ်တဲ့အတွက်) လူရှေ့၊ ဘုရားရှေ့မှာ တင့်တင့်တယ်တယ် တောင်းရမ်း စေ့စပ်တာ ဖြစ်တဲ့အတွက် အခုလို မိဝေးဖဝေး နိုင်ငံခြား တိုင်းပြည်မှာ “မြန်မာတွေ မြန်မာမပီသတော့ဘူး” လို့ တစ်ချို့လူတွေ ပြောတဲ့စကားနဲ့ ဆန့်ကျင်စွာ မြင်ရတဲ့ မြင်ကွင်းဟာ ငါ့အတွက်တော့ အရမ်း ထူးဆန်းပြီး စိတ်ချမ်းမြေ့စရာ ကောင်းခဲ့ပါတယ်။ ငါ့လို ဘာမဆိုင် ညာမဆိုင်တဲ့ လူတစ်ယောက် အနေနဲ့ စိတ်ချမ်းသာနေရင် ကာယကံရှင်ဖြစ်တဲ့ မိန်းကလေးရှင်နဲ့ သူ့မိဘတွေ ယောကျ်ားလေးရှင်တွေ ဘက်ကတော့ အတိုင်းမသိ ဝမ်းသာကြ မယ်ဆိုတာ ပြောပြ ရေးပြစရာတောင် မလိုပါဘူး။

ဘာဘဲဖြစ်ဖြစ် အခုပွဲလေးဟာ နောင်လာ နောက်သားတွေ လိုက်နာ လိုက်လျှောက်သင့်တဲ့ ပွဲလေးပါဘဲ။ အထူးသဖြင့် နင်တို့လို မိန်းက လေးတွေ အနေနဲ့ ကိုယ့်ကို မိသားဖသားပီပီ တန်ဖိုးထား တောင်းရမ်း လက်ထပ်မဲ့ သူကိုဘဲ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်သင့်တယ်ဆိုတာ သတိပေးသလို ဖြစ်နေလို့ နင်တို့သိရအောင်ရေးပြလိုက်တာပါ။

အဲဒီ စေ့စပ်ပွဲမှာ ဆရာပြောသွားတဲ့ စကားလေးတစ်ခွန်းကတော့ ယောကျ်ားလေးနဲ့ မိန်းကလေး ချစ်ကြိုက်ကြလို့ အိမ်ထောင်ပြုတဲ့အခါ နှစ်ဘက်သော မိဘတွေနဲ့ အသင်းတော်ရဲ့ ကောင်းကြီးမင်္ဂလာ လိုအပ်တယ် ဆိုတာပါဘဲ။ ကဲ စာလဲ ရှည်သွားပြီ။ ဒါပါဘဲဟာ။ နောက်လ တွေကျမှ ထပ် ရေးလိုက်အုံးမယ်။ ။ **ဖိုးမဲထူး**

---

## အောင်မြင်ခြင်းသို့ရောက်ရာလမ်း (အန်ဒရူး)



ကယ်တင်ရှင်ကို လက်ခံချိန်မှစ၍ ကောင်းကင် သွားရာ၊ လမ်းကျဉ်း ပေါ်သို့ ရောက်ခဲ့ပေပြီ။ ကောင်းကင်လမ်းတွင် သွားနေကြသော၊ အခြားသော ခရစ်ယာန် များနှင့် တွေ့ရပေလိမ့်မည်။ ခရစ်ယာန် ဖြစ်လာခြင်းက အံ့ဩဘွယ် ဖြစ်သော်လည်း သိထားရန်မှာ ကောင်းကင် လမ်းသည် လွယ်ကူသော လမ်းတခု တော့ မဟုတ်ပါ။ သင်၌ရန်သူများ ရှိနေပြီးဖြစ်သည်။ ကျမ်းစာက ရန်သူသုံးမျိုး ရှိသည်ဟု ဖော်ပြထား ပါသည်။

(၁)လောက။ (၂)ဇာတိ။ (၃)စာတန်မာရ်နတ်။

၎င်းရန်သူများက ဘာပြုလုပ်သနည်း။ သင့်အား အပြစ်ကိုပြုရန် ကြိုးစားပါသည်။ သို့သော် ဘုရားက ထိုအရာများမှ သင့်အား အောင်မြင်ခြင်းသို့ ရောက်ရာလမ်းကို ပြုလုပ်ပေးခဲ့ပြီးဖြစ်သည်။

### ၁။ လောက

ကမ္ဘာမြေကြီး။ (ယော၊၃း၁၆) လောကီသားတို့ကို ချစ်တော်မူ၏။ (၁ယော၊၂း၁၅) လောကကို မချစ်နှင့်။ ဘုရားလမ်းမှ ဝေးရန် စာတန် အသုံးပြုသော ဆွဲဆောင်သောအရာများ။ ဘုရားက သူ့ကို စိတ်နှလုံးနှင့် ချစ်ရန် လိုချင်သည်။ စာတန်က အလိုမရှိ။ ဘုရားကို ချစ်ခြင်းနှင့် အလိုတော်ကို လိုက်ခြင်း လမ်းမှ လွှဲသွားရန် စာတန်သည် ဆွဲဆောင်အား ကောင်းသော၊ လောကအရာများကို အသုံးပြုပါသည်။ တီဗွီ၊ ရုပ်ရှင်၊ သီချင်းများ၊ အခြားသော ကြိုက်နှစ်သက်သော အရာများ (ထီ၊ တိုတို၊ ၄ဒီ၊ လောင်းကစား) စသည်တို့ကို စာတန်က အသုံးပြု နိုင်သည်။ အချို့သော ၎င်းအရာများက ပင်ကိုယ် အားဖြင့် အပြစ် မဟုတ်ပါ။ သို့သော်ဦးစားပေး နေရာ၌ ယူလာပါက အပြစ် ဖြစ် လာပါ သည်။ ဘုရားနှင့် အချိန်ယူ ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ဘုရားကျောင်း သွားခြင်းတို့ကို အဆီးအတား၊ အနှောက်အယှက် ဖြစ်လာခဲ့သော် ၎င်းအရာ များသည် အပြစ် ဖြစ်ပါသည်။“လောကကိုင်း။ လောက၌ ရှိသော အရာတို့ကိုင်း မချစ်ကြနှင့်။” (၁ယော၊၂း၁၅)။

“ဆိုးညစ်သော ၎င်းပစ္စုပ္ပန်ဘဝမှ ငါတို့ကို ကယ်နှုတ်ခြင်းငှါ၊ ငါတို့ အပြစ်ကြောင့် ကိုယ်ကိုယ်ကို အပ်ပေးတော်မူ၏။” (ဂလာ၊၁း၄)။ ဘုရားက ၎င်း လောကအရာနှင့် အပြစ် သွေးဆောင်ခြင်းများကို ကျွန်ုပ်တို့ အောင်မြင် ဘို့ရန် အလိုရှိသည်။ ခရစ်တော်မှတပါး၊ လောကအရာများက စိတ်ကျေနပ်မှု မပေးနိုင်ပါ။ ခရစ်တော်အား သာ၍ ချစ်လိုပါက သူ၏ ကြီးမားသော မေတ္တာကို စဉ်းစားပါ။ သင့်ကိုချစ်ခြင်း၊ ဒုက္ခခံခြင်းနှင့် သင့်အပြစ်အတွက် အသေခံခြင်းကို စဉ်းစားပါ။ စဉ်းစားလာသည်နှင့်အမျှ သင်သည် သူ့ကိုသာ၍ ချစ်လာပေလိမ့်မည်။ ခရစ်တော်ကို ချစ်လာ သည်နှင့်အမျှ ဘုရား၏ အရာများကိုလည်း ချစ်လာနိုင်ပြီး။ လောက အရာများကိုလည်း ရှောင်နိုင်ပေမည်။ “မြေကြီးပေါ်မှာ ရှိသော အရာတို့ကို စွဲလမ်းသောစိတ် မရှိကြနှင့်။ အထက် အရာတို့ကိုသာ စိတ်စွဲလမ်းခြင်း ရှိကြလော့။” (ကော၊၃း၂)

### ၂။ ဇာတိပကတိ။(ငါအတ္တ)

ဒုတိယရန်သူ ဖြစ်သည်။ လူ၏မွေးရာပါ (သို့) ဗီဇ အပြစ် ဖြစ်သည်။ လူ၏ အတွင်း၌ရှိသော အတ္တ သဘော(သို့) ငါတည်းဟူသော သဘော ဖြစ်သည်။ ငါအတ္တ သည်ကား အဘယ်နည်း။ လူ့နှလုံးအထဲ၌ မည်သို့ ဖြစ်နေသနည်း။

ငါအတ္တသည် အလွန်မှ မာနကြီးသည်။ အရေးကြီးဆုံး လူလို့ မိမိ ကိုယ်ကို ထင်သည်။ သူ့ကိုသာ အားကိုးမြော်ကြည့် လိုသည်။ အလွန် တကိုယ်ကောင်း ဆန်သည်။ မိမိ ကျေနပ်မှု အတွက်သာ အသက်ရှင် သည်။ မိမိစိတ် အလိုလမ်းကိုသာ နှစ်သက်သည်။ အခြားသူ၏ စကားကို နား မထောင်ချင်။ အမှားကို ဘယ်သောအခါမျှ ဝန်မခံလို။ အခြားသူကို အမြဲတမ်း အပြစ်ဖို့သည်။ အလွယ်တကူ ပြစ်မှားတတ်ခြင်း (သို့) စိတ်ထိခိုက် လွယ်ခြင်းရှိသည်။ အပြစ် ခွင့်မလွှတ်လိုတတ်။ အပြစ် ချည်နှောင် တတ်သည်။ ဘုရားက သူတပါး၏ အပြစ်ကို ခွင့်လွှတ်ရန် ပြောသော အခါဘုရား၏ စကားကို ဘယ်သောအခါမျှ နာခံခြင်းမရှိ။ ၎င်း

အရာများသည် ကျွန်ုပ်တို့အထဲ၌ ရှိနေကြောင်းကို ဝန်မခံချင်ပေမဲ့ သင်နှင့် ကျွန်ုပ်တို့၏ အထဲရှိ နှလုံးပလ္လင်တွင် ဤအရာများက ရှိနေခဲ့ပြီး ကျွန်ုပ်တို့ သည် ကယ်တင်ခြင်းသို့ ရောက်ပြီးချိန်မှစ၍ ခရစ်တော်သည် နှလုံးထဲသို့ ဝင်ရောက် လာခဲ့ပြီးဖြစ်သည်။

ဤအရာသည် အံ့ဩဘွယ် ဖြစ်သော်လည်း ပြဿနာက ဆက်လက်ပြီး ရှိနေသေးသည်။ ငါအတ္တသည် ထွက်မသွားဘဲ ဆက်လက်ရှိနေခြင်း ဖြစ်သည်။ သင်၏နှလုံးထဲ၌ ခရစ်တော်ရှိနေသည့်တိုင်အောင် မလုပ်သင့်သော အရာများကို ဆက်လက်လုပ်နေခြင်းက နှလုံးသားပလ္လင်မှာ ငါအတ္တက အုပ်စိုးနေခြင်းကြောင့် ဖြစ်သည်။ အတ္တ အုပ်စိုးနေစဉ် အပြစ်များစွာ ပြုလုပ်ပါသည်။ မာန်မာနကြီးခြင်း၊ အတ္တ ဆန်ခြင်း၊ မနာခံခြင်း၊ ရန်ဖြစ်ခြင်းနှင့် စိတ်တိုခြင်း၊ အပြစ် ခွင့်မလွှတ်ခြင်း၊ စသည်တို့ဖြစ်သည်။ ဤအပြစ်များက ခရစ်တော်၏ စိတ်ကို နာစေပြီး ကျွန်ုပ်တို့သည် သူ့ကိုအရှက်ကွဲ စေပါသည်။ ငါအတ္တ သဘောကို အောင်နိုင်ရန် ဘုရားက အလိုရှိပေသည်။

ငါအတ္တကို အောင်နိုင်ခြင်း၏ လျှို့ဝှက်ချက်ကား ဘုရင်ခရစ်တော်ကို နှလုံးပလ္လင်၌ ပထမဦးစားဖြင့် နေရာပေးခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ကို သူပိုင်ပြီး၊ ကျွန်ုပ်တို့၏ အပေါ်၌ သူသည် ဘုရင် ဖြစ်ခွင့်ရှိပါသည်။ အတ္တကိုဖယ်ပြီး ခရစ်တော်ကို နေရာပေးရပေမည်။ "…. မိမိတို့ကို မိမိတို့မပိုင် … သင်တို့သည် အဘိုးနှင့် ဝယ်တော်မူသောသူ ဖြစ်သောကြောင့်…" (၁ကော၊၆း၁၉-၂၀)။ အဘိုး၏အခကား သူ၏ အသွေးဖြစ်သည်။ အသက်ကိုပေးပြီး၊ ကျွန်ုပ်တို့ကို ရွေးနှုတ်ခဲ့၏။ သူ ပိုင်ဆိုင်ခဲ့ပြီးဖြစ်သည်။ နှလုံးသားပလ္လင်၌ သူသာလျှင် ဘုရင် ဖြစ်သင့်သည်။ သို့သော် သူသည် ကျွန်ုပ်တို့၏ဆန္ဒဖြင့် သူ့ကို အသက်တာ၏ ဘုရင်အဖြစ်၊ ခွင့်ပြုရန် ပြောဆိုလာခြင်းကို စောင့်လျက် နေပါသည်။

နှလုံးသားပလ္လင်တွင် ခရစ်တော် အုပ်စိုးခဲ့လျှင် ချစ်ခြင်း၊ ဝမ်းမြောက် ခြင်းနှင့် ငြိမ်သက်ခြင်း ရှိလာပေမည်။ အတ္တ၏ ဒုစရိုက်အပြစ်များကို မပြုလုပ်တော့ပေ။ သင်သည် အတ္တနှင့် ခရစ်တော်တို့၏ အကြား တစ်ခုခုကို ရွေးချယ်ရပေလိမ့်မည်။ ခရစ်တော်ကို အသက်တာ၏ ဘုရင်အဖြစ် ရွေးခြင်းသည် သူ၏စကားနားထောင်ခြင်း ဖြစ်ရပေမည်။ သင်သည် ခရစ်တော်ကိုအသက်တာ၏ ဘုရင်အဖြစ် ပြုလိုပါသလား။ အမှန်တကယ် ဆန္ဒရှိပါက ယခုပင် ဆုတောင်းခြင်းဖြင့်ပြောဆိုပါ။

"သခင် ယေရှုခရစ်တော်ဘုရား၊ ကျွန်ုပ်ကိုချစ်၍ အသက်ပေးအသေခံခဲ့သောကြောင့် ကျေးဇူးတင်ပါသည်။ ယခုကျွန်ုပ်ကို ကိုယ်တော်ပိုင်တော် မူပြီး၊ ကျွန်ုပ်ကို အသက်တာ၏ဘုရင် အဖြစ်ဖြင့် ကိုယ်တော်အုပ်စိုး တော်မူပါ။ ကိုယ်တော်၏စကားကို နာခံရန်နှင့် အလိုတော်ကိုဆောင်ရန် အလိုရှိပါသည်။" အာမင်။ ကိုယ့်ကိုယ်ကို ကိုယ်မပိုင်တော့ခြင်းကို သတိရပါ။။ ကိုယ်တော်သာ ဘုရင်ဖြစ်သည်ကို မမေ့ပါနှင့်။ ခရစ်တော်သည် သင်၏ဘုရင်ဖြစ်သော် ငါအတ္တကို ငြိမ်းပယ်ပြီး၊ ခရစ်တော် ကျေနပ်စေသော အသက်တာ၌ အသက်ရှင်ပါ။

### ၃။ စာတန်မာရ်နတ်။

အကြီးဆုံးသော ရန်သူဖြစ်သည်။ "…. သင်တို့၏ ရန်သူတည်းဟူသော မာရ်နတ်သည်၊ ဟောက်သော ခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏။" (၁ပေ၊၅း၈) ခရစ်ယာန်ဖြစ်လာသောကြောင့် စာတန်သည် သင့်အား စိတ်ဆိုးသည်။ သူနှင့်ခွဲခွါ၍ ယုံကြည်သူများနှင့် ဆက်သွယ်မိသောကြောင့် ဖြစ်သည်။ သင့်အား ကောင်းကင် မရောက်ရန် တားဆီး၍ မရနိုင်တော့ပါ။ သို့သော် သင့်အား အပြစ် ပြုလုပ်ရန် ဆက်လက်ကြိုးစားပေလိမ့်မည်။ စာတန်ဘယ်လို သွေးဆောင် မည်နည်း။ မှားသောအရာ များကိုစဉ်းစားခြင်းဖြင့် ထည့်သွင်း အကြံပေး ပေမည်။ သူကိုယ်တိုင်သော်၄င်း၊ ရုပ်ရှင်၊ တီဗွီ၊ ညစ်ညမ်းသော စာပေ ရုပ်ပုံ ကရိယာများ၊ မှားယွင်းသော အတွေးအခေါ်များကို ဦးနှောက်တွင် ထည့်သွင်း စဉ်းစားစေခြင်း စသဖြင့် ပြုလုပ်ပေမည်။ မကောင်းသော စာရိတ္တများ၊ လိင်အပြစ်များနှင့် သွေးဆောင်ပေမည်။ အရက်သေစာ သောက်စားခြင်းနှင့် မူးယစ်ဆေးဝါး အလွဲသုံးခြင်းဖြင့် သွေးဆောင် နိုင်သည်။

ဤအရာများက ကိုယ်ခန္ဓာ ကို ပျက်စီးစေနိုင်ကြောင်းကို စာတန် သိသည်။ အခြားသော နည်းလမ်းများနှင့်လည်း တိုက်ခိုက်နိုင်သည်။ သင်သည် အပြစ်ပြုမိသောအခါ၌ ဘုရားသခင်က စိတ်ဆိုးပြီး သင့်အပြစ်ကို ဘယ်သောအခါမျှ ခွင့်မလွှတ်နိုင်တော့ကြောင်း စိတ်တွင် ထင်ယောင်မှား လာအောင်ပြုလုပ်ပေမည်။ ကယ်တင်ခြင်းကို သံသယဖြစ်ခြင်း၊ အားငယ်စိတ်၊ ကြောက်ရွံ့စိတ်၊ စိုးရိမ်စိတ်များ ဝင်လာအောင်ပြုလုပ် ပေလိမ့်မည်။ စာတန်သည် ကြောက်ဖွယ်ကောင်းသော ရန်သူဖြစ်သည်။ မိမိ၏ ခွန်အားဖြင့် စာတန်ကို မအောင်နိုင်ပါ။ ကျွန်ုပ်တို့ထက် အလွန် အားကြီးပေသည်။

သတင်းကောင်းမှာ ယေရှုခရစ်သည် သူ့ကိုအောင်နိုင်ခဲ့ပြီးဖြစ်သည်။ ယေရှု ခရစ်အသေခံခြင်းနှင့် သေခြင်းမှ ရှင်ပြန် ထမြောက်ခြင်းက စာတန်နှင့်သူ၏ မှောင်မိုက်တန်ခိုးများကို အောင်မြင်ခဲ့ပြီး။ ခရစ်တော်ကို လက်ခံခဲ့ချိန်မှစ၍ ကျွန်ုပ်တို့ကို ခရစ်တော် ပိုင်တော်မူပြီ၊ စာတန်၏ အပေါ် ခရစ်တော်၏ အောင်မြင်ခြင်းကို ခံစားခွင့်ရပေမည်။ ခရစ်တော်၏အောင်ခြင်းသည် ကျွန်ုပ်တို့၏အောင်ခြင်းဖြစ်သည်။ စာတန်၏ တန်ခိုးမှ လွတ်မြောက်စေခဲ့ပြီးဖြစ်သည်။ ခရစ်တော် သည်ကျွန်ုပ်တို့၏ အထဲ၌ အသက်ရှင်တော်မူသောကြောင့် စာတန်ကို ကြောက်စရာ မလိုတော့ပေ။ ခရစ်တော်သည် စာတန်ထက် တန်ခိုးကြီး၊ အစွမ်းကြီးတော်မူ၏။ "သင်တို့ ဘက်၌ရှိသောသူသည် လောကဘက်၌ ရှိသောသူထက် သာ၍ ကြီးတော်မူ ၏" (၁ယော၊၄း၄)။

ကျွန်ုပ်တို့နှင့်အတူ ကျွန်ုပ်တို့၏အထဲ၌ ခရစ်တော်ရှိခြင်းက စာတန်၏ သွေးဆောင်ခြင်းကို အောင်နိုင်သည့်အခွင့်ကို ပေးပေမည်။ လျှို့ဝှက်ချက်ကား ခရစ်တော်ရှိကြောင်းကို သိခြင်းနှင့် သူ့ကို အားကိုးခြင်း ဖြစ်သည်။ စာတန်သည် အပြစ်သွေးဆောင်နိုင်သော်လည်း၊ သင့်အား အပြစ်ပြုအောင် မပြုလုပ်နိုင်ပါ။ သင်၌ ငြင်းနိုင်စွမ်း ရှိပါသည်။ "ထိုကြောင့်…မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင်၊ သူသည် သင်တို့ထံက ပြေးသွားလိမ့်မည်။" (ယာ၊၄း၇)။ ဘုရားသခင်၌ ကယ်တင်ခြင်းသို့ ရောက်သော သားသမီးများအတွက်ကား အပြစ် ပြုမိသောအခါ "ကိုယ်အပြစ်တို့ကို ဖေါ်ပြတောင်းပန်လျှင် ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း ဖြောင့်မတ်ခြင်း တရားနှင့်၎င်း ပြည့်စုံတော်မူ၏။" (၁ယော၊၁း၉)။ ဟုဆိုထားပါသည်။။

၁။ အပြစ်ကို နာမည်နှင့် ဖေါ်ပြ တောင်း ပန်ခြင်း ဖြစ်သည်။ လိမ်ညာခြင်း၊ စိတ်ဆိုးခြင်း၊ စိတ်တိုခြင်းတို့အတွက် ဘုရားထံ တောင်းပန်ရပေမည်။ အခြားသော သူများနှင့်လည်း ပြေလည်မှု ရှိရပေမည်။

၂။ ဘုရားသည် အပြစ်ခွင့်လွှတ်ကြောင်းကို ယုံကြည်ရမည်။

အပြစ်ဝန်ချ တောင်းပန်ပြီးခဲ့သော် အပြစ်လွှတ်ပြီး ဖြစ်ကြောင်းကို ယုံ ကြည်ရမည်။ အသက်တာ၌ အောင်မြင်ခြင်းရရှိရန် ဘုရားက အလိုရှိသည်။ သခင်ယေရှုကို ကိုးစား နားထောင် ခြင်းများကို သင်ယူခြင်းဖြင့် လောက အရာများ၊ ဇာတိ သဘော များနှင့် စာတန်ကို ငြင်းပယ်နိုင်စွမ်း သာ၍ ရှိလာပေမည်။ "ငါတို့ သခင်ယေရှုခရစ် အားဖြင့် ငါတို့အား အောင်ခြင်းအခွင့်ကို ပေးတော်မူ သော ဘုရားသခင်၏ ကျေးဇူးတော်သည် ကြီးလှစွတကား။" (၁ကော၊ ၁၅း၅၇)။

ခရစ်တော်သည် စာတန်ကို အောင်နိုင်ခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်၏ အသက်တာ၌ အောင်မြင်ခြင်းကို ရရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်သည် ကျွန်ုပ်၏အထဲ၌ အသက်ရှင်တော်မူသောကြောင့် ဖြစ်သည်။ အာမင်။ **(အန်အရူး )**

---

## ဟောပြောပြသနိုင်ကြပါစေ (Samuel Soe Lwin)




သင်တို့သည် ကျေးဇူးမရှိဘဲ ငါ့ကိုရှာကြလော့ ဟု ယာကုပ် အမျိုးအား ငါမပြော၊ ငါသည် ဖြောင့်မတ်စွာ ပြော၍ အတည့်အလင်း ဟောတတ်သော ထာဝရ ဘုရား ဖြစ်၏၊ ဟေရှာ ၄၅း၁၉

အသက်ရှင်၍ ကတိတော်ထားပြီး ထားသည့် ကတိ အတိုင်း အမှန် တကယ်ပြုတော်မူသော ကျွန်ုပ်တို့ ၏ ဘုရားရှင်မြတ်အကြောင်း သူတပါး အား ပြောပြ ရန်မှာ ခရစ်ယာန်တိုင်း၏ ဝတ္တရားတစ်ခုပင် ဖြစ်ပါသည်။ ( မဿဲ ၂၈း ၁၉–၂၀ ၊ ၁တိ ၂း၄)

ကျွန်တော်ဟာ ၁၉၉၉ မတိုင်မီ အထိ ခရစ်ယာန်များကို အကြောင်းမဲ့ အမြင်မကြည်သလို ဘယ်ခရစ်ယာန်ကမှလည်း ကျွန်တော့်အား ခရစ်တော် အကြောင်း မပြောဘူးကြသဖြင့် ဘာမှလဲ မသိခဲ့ပါ။ ထို့ကြောင့်လည်း ပုဂ္ဂိုလ် မင်စရာ အကြောင်းမရှိတဲ့အတွက် တရားကိုလဲ မမြင်နိုင်ခဲ့ပါ။

ခရစ်ယာန်ဟူ၍ ခေါ်သော သူများကို တွေ့ရသော်လည်း တွေ့ရသူ တစ်ချို့ထဲတွင် ခရစ်တော်အကြောင်း ပြောပြနိုင်သောသူ မရှိခဲ့ပါ။ ပြောသူ

သခင့်စကား အမှတ်တံဆိပ် ၏ အဓိပ္ပါယ် အပြည့်အစုံမှာ "သခင့်စကားကို ကြားနာ ယုံကြည် ကာ
သခင်ယေရှု ခရစ်တော်ကို မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ် စိတ်နှလုံးသားထဲတွင် ခေါ်ဖိတ် နေရာပေး၍ ယုံကြည်
လက်ခံသူတိုင်း ထာဝရဘုရား ပေးသော ဝိညာဉ်ကယ်တင်ခြင်း ဆုကျေးဇူးကို ရရှိမည်" ဟူ၍ဖြစ်ပါသည်။

ရှိငြားသော်လည်း ပြနိုင်သူ မရှိသောကြောင့် ကျွန်တော့်အတွက်တော့ ခရစ်တော်ဟာ တိုင်းတစ်ပါး ဘုရား၊ တိုင်းရင်းသား လူနည်းစုတို့၏ ဘုရား အဖြစ်သာ ရှိခဲ့ပါသည်။ ကျွန်တော် ဘာကို အဓိက ထား၍ ပြောရန် ရှိပါသနည်း ဆိုပါက "ငါသည် သမ္မာကျမ်းစာပါ ဘုရားကို ချစ်၏၊ ခရစ်ယာန်များကိုကား မုန်း၏" ဆိုသော မဟတ္တမဂန္ဒီ ၏ စကားအား ကျမ်းစကားဖြင့် အတည်ပြုပေးလိုပါသည်။ **အကြောင်းမူကား ကျမ်းစာ လာသည့် နှင့်အညီ တပါးအမျိုးသားတို့သည် သင်တို့၏ အကျင့်ကို ထောက်၍ ဘုရား သခင်၏ နာမတော်ကို ကဲ့ရဲ့တတ်ကြ၏။ ရောမ ၂း၂၄**

မြန်မာဘာသာဖြင့် ခရစ်တော်၏ သက်သေခံ မိတ်သဟာယမှ ကျင်းပသော ကယ်တင်ခြင်း သင်တန်းကို ကျွန်တော်တက်ရောက်ခွင့် ရရာမှ ခရစ်ယာန်များကို လက်တွေ့ ရင်းရင်းနှီးနှီး သိကျွမ်းလာပြီး သင်တန်းကာလ အတော အတွင်းမှာ သူတို့၏ ဟောပြောမှုကိုသာ အာရုံပြုရုံမက သူတို့၏ လှုပ်ရှားသွားလာမှုတို့ကို လေ့လာ မှတ်သားရင်း သူတို့၏ ဟောပြောမှု၊ နေထိုင် အသက်ရှင်ပြမှုတို့က ကျွန်တော့်အား ခရစ်တော်အကြောင်းကို အမှန်ပြောပြသူများ ဖြစ်စေခဲ့ပါ သည်။

ကျွန်တော့်ရဲ့ နားလည်မှုကို သူတို့ မရခင်မှာ ကျွန်တော့်ရဲ့ မေးခွန်း ပေါင်းစုံကြောင့် သူတို့ မျက်ရည်ကျ ဆုတောင်းပေးမှုများက ကျွန်တော့်ရဲ့ အသက်တာမှာ "ဒါကတော့ ဘာသာရေး သက်သက် မဟုတ်တော့ဘူး" ဆိုတာကို ဦးစွာ ဆင်ခြင်မှတ်သားမိခဲ့ပါသည်။ မဿဲ ၅း၁၆ တွင်ပါသော **ထိုနည်းသူ သူတပါးတို့သည် သင်တို့၏ ကောင်းသော အကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့ အဘ၏ ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှာ သူတပါးတို့ ရှေ့၌ သင်တို့၏ အလင်းကို လင်းစေကြလော့။** ဆိုသော စကားအတိုင်း ပုဂ္ဂိုလ် ခင် ရာမှ တရားကို ပါ ကျွန်တော် မင် တတ် လာပြီး ယခုအချိန်တွင် ကျွန်တော်သည် ခရစ်ယာန်တည်းဟူသော ဘုရား သား ဖြစ်လာခဲ့ရပါသည်။

*ကျွန်တော် ကယ်တင်ခြင်းရသော နေ့တွင် "သြော် ခရစ် ယာန် ဖြစ်တာ နောက်ကျ လိုက်တာ" ဟူ၍ပင် စိတ်မကောင်း ဖြစ်ခဲ့ ရပါသည်။*

ကျွန်တော်၏ အမြင်အရ မယုံကြည် သူတို့သည် ခရစ်တော်နှင့် ခရစ်တော်၏ တရားကို မမုန်းပါသော်လည်း ဟောပြော ပြသသူများ မရှိသောကြောင့် အကျွမ်းဝင်ခြင်းမရှိဘဲ စိမ်း နေခြင်းဖြစ်ပါသည်။ ဟေရှာယ ၄၅း၁၉ တွင်ပါရှိသာ ကျမ်းစကားအတိုင်း ကတိတော်ကို ကိုင်စွဲ၍ ကျွန်တော့်အား ကယ်တင်ခြင်း ဝေငှပြသခဲ့သော ကျွန်တော်၏ ဆရာ ဆရာမများ (ဝိညာဉ်ရေးရာ ဖခင်၊ မိခင်များ) အား ဘယ်တော့မှ ကျွန်တော် မေ့နိုင်တော့မည် မဟုတ်ပါ။ ယနေ့ ကျွန်ုပ်တို့ အယောက်စီတိုင်း ထို ကတိတော်ကို စွဲကိုင်ပြီး ခရစ်တော်၏ ကယ်တင်ခြင်း တရားကို ဝေငှ ဟောပြောရုံမက ခရစ်တော်၏ အလင်းကိုလဲ ပြသကြရန် လွန်စွာ အရေးကြီး လှကြောင်း ကိုယ်တွေ့ သက်သေခံချက်ဖြင့် မိတ်ဆွေများအား ရင်ဖွင့်ဆိုမိပါကြောင်း ... ။

နာမတော်မြတ်၌ **(Samuel Soe Lwin)**

---

## ကျွန်တော်နှင့်သူခိုး ( မင်းအောင်သက်လွင် )

သူခိုး အကြောင်း မရေးခင်မှာ ကျွန်တော်ကိုယ်တိုင် သူခိုး ဖြစ်တယ် ဆိုတာ ရိုးရိုးသားသား ဝန်ခံပါရစေ။ ဘယ်အရွယ် ကတည်းက စပြီး ခိုးတတ်ခဲ့သလဲ ဆိုတာ အတိအကျ မသိတော့ပေမဲ့။ မှတ်မိသလောက်ရေးပြရ ရင် မူလတန်းကျောင်းသားအရွယ်တုံးက အိမ်မှာ လူကြီးတွေ မရှိရင် မနက်စာ ညစာ ပေါင်းချက်ထားတဲ့ အသားဟင်းတွေဟာ ဟင်းခိုးစားတတ်တဲ့ ကျွန်တော့် လက်ချက်နဲ့ ညနေစာ လူစုံစားလို့ မရအောင် မလောက်မင ဖြစ်ခဲ့ဖူးပါတယ်။ အလယ်တန်းကျောင်းသား ဘဝရောက်လာတော့ အဖေ့ အိတ်ကပ်ထဲက အကြွေစေ့တွေကို ခိုးပါတယ်။ အမေ့ အလုပ်ဆွဲခြင်းကို ရှင်းလင်း ပေးသလိုနဲ့ ခြင်းတောင်းထဲ က အကြွေစေ့တွေကို နှိုက်ယူတတ်ပါ တယ်။ အဲဒီတုံးက သံဖြူဇရပ်က အဖွား (အမေ့ရဲ့ အမေ) က ရန်ကုန်မှာ ဆေးလာကုတော့ အဖွားရဲ့ ပိုက်ဆံအကြွေစေ့တွေ၊ အဖွား ရဲ့ မုန့်တွေကို အဆင်ပြေရင် ပြေသလို ခိုးစားလေ့ရှိပါတယ်။ ဆွေမျိုးတွေအိမ် သွားလည်တဲ့ အခါမှာလည်း ကစားစရာတွေကို ခိုးလာတတ်ပါတယ်။

အလုပ်သမား ဖြစ်လာတော့ အလုပ်ချိန်မှာ အလုပ် ကို အချိန်ပြည့် မလုပ်ဘဲ ရေသာခို လုပ်ပြီး သူဌေးဆီက လုပ်အားတွေ ခိုးတယ်။ (သူဌေး



ကလဲ အလုပ်သမားတွေကို တန်ရာတန်ကြေး မပေးဘဲ လုပ်အားခ ခိုးထား တာကိုး၊ ကိုယ် အခိုးခံထားရတဲ့ လုပ်အားကို ကိုယ် ပြန်ခိုးတာပါ)။

အဲဒီကမှ တဆင့် အသက်တာပြောင်းလဲပြီး ယုံကြည်သူ ဖြစ်လာ တော့ မပြောင်းလဲနိုင်သေးတဲ့ ခိုး တတ်တဲ့ စိတ်နဲ့ ဘုရားသခင်ဆီက ခိုးလို့ ရတာ အကုန် ( ဆယ်ဖို့ တစ်ဖို့၊ စွမ်းရည်၊ အချိန်၊ ဝိညာဉ် ဆုကျေးဇူး) ပြန်ခိုးပါတယ်။ စင်ကာပူ ရောက်လာ တော့ ကျွန်တော့်ကို ကျမ်းစာ သင်ပေးတဲ့ စင်ကာပူ နိုင်ငံသား တရုတ် သင်းအုပ်ဆရာ တစ်ပါးဟာ ( အခုတော့ သာသနာပိုင်ချုပ် ဖြစ်နေပါပြီ) သူ ငယ်ငယ်က ကျွန်တော့်လိုဘဲ ခိုး တတ်တဲ့သူ ဖြစ် ကြောင်း ဝန်ခံ ပြောပြခဲ့ဖူး ပါတယ်။

လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ကျွန်တော့်အိမ် သူခိုး အခိုးခံရတဲ့ အကြောင်း ရေးပြပါရစေ။ ကျွန်တော်ဟာ စက်ရုံတစ်ရုံမှာ အလုပ် ဝင်လုပ် နေရတဲ့အချိန်မှာ ကောလိပ် ဆက် တက်ဖို့ ဝင်ငွေ မရှိခဲ့လို့ ရပ်ကွက်ထဲက ကျောင်းသားတစ်ချို့ကို ကျူရှင်ပြရင်း အပို ဝင်ငွေ ရှာနေရတဲ့အချိန် ဖြစ်တဲ့ အတွက် နေ့စဉ်လိုလို ကျွန်တော့်ရဲ့ အိမ်ပြန်ချိန်ဟာ ညသန်းခေါင်ယံ အချိန်ဘဲ ဖြစ်ပါတယ်။

လျှပ်စစ်မီး မလာတဲ့ တစ်ချို့ညတွေမှာ ကျွန်တော်တို့ တစ်လမ်းလုံး စောစောစီးစီး အိပ်ယာဝင်တတ်ကြပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က စက်ဘီးအစုတ်လေးကို စီးပြီး ရပ်ကွက်ထဲ ပြန်လာလေ့ရှိပါတယ်။ လမ်းထိပ် နားမှာ စောင်ခြုံပြီး ထိုင်နေတဲ့ လူတစ်ယောက်ကို အမြဲလိုလိုတွေ့ရပါတယ်။ မှောင်နေလို့ ဘယ်သူ ဘယ်ဝါမှန်း ကွဲကွဲပြားပြား မသိတဲ့အတွက် ကျွန်တော် အမှတ်တမဲ့ဘဲ နေလိုက်ပါတယ်။ အိမ်ပြန်ရောက်တဲ့အခါ ချက်ခြင်း မအိပ်သေးဘဲ စာမူတွေကို စီစစ် ရေးသား ရပါသေးတယ်။ အဲဒီတုံးက ကျွန်တော်ဟာ သက်ထာဝရ စာစောင် ( အဲဒီတုံးက သက်ထာဝရ မဂ္ဂဇင်း ဟာ 'စာစောင်' အဆင့်မှာဘဲ ရှိပါသေးတယ်။ )အတွက် စာမူတွေကို စီစစ်တည်းဖြတ်ရလေ့ ရှိတဲ့အတွက် မနက်သုံးနာရီ လောက်မှ အိပ်ယာထဲ ဝင်အိပ် ဖြစ်တာ များပါတယ်။

တစ်နေ့၊ ကျွန်တော်ဟာ အလုပ်ကိစ္စ၊ ကျူရှင်ကိစ္စ၊ မဂ္ဂဇင်း စာမူ ကိစ္စတွေ ပြီးလို့ မနက်လင်းခါနီး သုံးနာရီ လောက်မှာ အိပ်ယာဝင်ခဲ့ပါတယ်။ ပင်ပန်းထားလို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် နေချိန်မှာ "မောင်မောင် သူခိုးလာတယ် သူခိုး သူခိုး" ဆိုတဲ့ အစ်မငယ်ရဲ့ အော်ခေါ် လှုပ်နှိုးသံကြောင့် လန့်ဖြန့်နိုးသွားပါတယ်။ အစ်မငယ်က ကျွန်တော့်ကို မျက်လုံးကြီးပြူးပြီး အလန့်တကြားပြောတော့ ကျွန်တော် အိပ်ယာက လန့်နိုးပြီး ကယောင် ကတမ်း ထခုန်လိုက်ပါတယ်။ သတိတရ ကုတင် ခြေရင်းမှာ ထောင်ထားတဲ့ နှစ်ဘက်ချွန် ဝါးလုံးကို ဆွဲယူလိုက်သလို ကုတင် ခြေရင်းမှာ အဆင်သင့် ချထားတဲ့ လောက်လေးခွနဲ့ လောက်စာလုံး အိတ်ကို ကောက်ယူပြီး အိပ်ခန်း ထဲကနေ ပြေးထွက်ခဲ့ပါတယ်။ အစ်မငယ်က အပေါ်ထပ် ပြူတင်းပေါက်တဆင့် သူခိုးကို တွေ့လိုက်ရတဲ့ အိမ်နံဘေးက အုတ်ရေကန်ကို လက်ညှိုး ထိုးပြပါ တယ်။

ကျွန်တော်နဲ့ အစ်မငယ် အိမ်ပေါ်ထပ်ကနေ အောက်ထပ်ကို ပြေး အဆင်းမှာ ဝုန်းဝုန်းဒိုင်းဒိုင်း အသံတွေကြောင့် အောက်ထပ်မှာ အိပ်နေတဲ့ ကျွန်တော့်ညီ ဟာ လန့်နိုးလာပြီး အပေါ်ထပ်က ပြေးဆင်းလာတဲ့ ကျွန်တော် တို့ကို သူခိုးအထင်နဲ့ ဝါးလုံးရှည်နဲ့ သိမ်းရိုက်ဖို့ ရွယ် လိုက်တာကို လှမ်းမြင် လိုက်ရတာမို့ "ဟေ့ကောင် ညီညီ ငါတို့ ပါကွ၊ သူခိုးက အိမ်ထဲမှာ မဟုတ်ဘူး၊ အိမ်အပြင် ခြံထဲမှာကွ" လို့ လှမ်းအော် ရပါ သေးတယ်။ အိမ်တံခါးဖွင့်၊ မီးအစုံ ဖွင့်ပြီး ခြံထဲကို ထွက်လိုက်တော့ ဘေးအိမ်က လူတွေပါ လန့်နိုးသွား ကြပါတယ်။ ခြံရှေ့တည့်တည့် အိမ်မှာနေတဲ့ အဒေါ်က "သူခိုး အပြင် ထွက်လာတာ မတွေ့ရသေးဘူး၊ ခြံထဲမှာဘဲ ရှိနေလိမ့်မယ်" လို့ လှမ်းအော် ပါတယ်။ ဘေးအိမ်က အစ်ကိုကလဲ "မငယ်တို့ မောင်မောင်တို့ရေ၊ ငါတို့ ခြံထိပ်က ပိတ်စောင့်နေမယ်။ မင်းတို့ ခြံထဲမှာ လိုက်ရှာ"လို့ ထပ်အော် ပါတယ်။

ဘေးအိမ်တွေပါ နိုးလာတာမို့ ကျွန်တော် တို့ မောင်နှမတွေ အား တက်သွားပြီး သူခိုးကို ခြံထဲမှာလိုက်ရှာကြပါတယ်။ မိုးတွင်းဖြစ်လို့ ခြံထဲမှာ ခါးလောက်ထိ ရှိတဲ့ မြက်ပင်ရှည်ကြီးတွေ ပေါက် နေတာမို့ ကျွန်တော့် ညီက မြက်ပင်တွေကြားမှာ သူခိုး ရှိလိုရှိငြား ဝါးလုံးနဲ့ မြက်ပင်တွေကို လိုက်ရိုက် ပါတယ်။ ရပ်ကွက်ထဲက လူတွေ တဖြည်းဖြည်း နိုးလာကြပြီး တစ်ခြံလုံးကို

**မည်သူမဆို စာမူများရေးသား ပေးပို့နိုင်ပါသည်။**
**နိုင်ငံရေး ၊ လူမျိုးရေး ၊ ဂိုဏ်းဂဏ နှင့် ငြင်းခုန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ ။**
Min Aung Thet Lwin , Blk76A, #30-02, Red Hill Road, S'pore 151076

ပိုက်စိပ်တိုက် လိုက်ရှာကြပါတယ်။ အိမ်ရှေ့က အဒေါ်ကြီးကလဲ အစ်မငယ် 'သူခိုး' လို့ အော်လိုက် ကတည်းက သူ လန့်နိုးလာပြီး ကျွန်တော် တို့ ခြံထဲကို သူစောင့်ကြည့်နေခဲ့တာမို့ သူခိုး ထွက်လာတာ မတွေ့သေးကြောင်း ပြောပြပါတယ်။

အိမ်နဲ့ မနီးမဝေး တစ်နေရာမှာ ဓါတ်ခဲသုံးတောင့်ထိုး လက်နှိပ်ဓါတ်မီး တစ်လက်ကျနေတာကို တွေ့ရတော့ သူခိုး ကျကျန်ခဲ့တာ ဖြစ်နိုင်တာမို့ ကျွန်တော် ကောက်ပြီး အိမ်ထဲသွားထည့် ထားလိုက်ပါ တယ်။ ကျွန်တော်တို့ အိမ် သူခိုး ကပ်တာမို့ ခြံစည်းရိုး ကပ်လျှက်က အိမ်နီးချင်းတွေ အားလုံး တုတ်တစ်လက် ဒါးတစ်လက်နဲ့ ဝိုင်းကူဖို့ ရောက် လာချိန်မှာ အိမ်နဲ့ အလှမ်းနည်းနည်းဝေးတဲ့ လမ်းထိပ်အိမ်နားက ကောင်လေး နှစ်ယောက်လဲ ရောက် လာတာကို တွေ့ရတာမို့ အိမ်နားက ဦးလေးကြီးက "မင်းတို့ရော သူခိုး လာဖမ်းပေးတာလား" လို့ဆိုတော့ သူတို့က "ဟုတ်ပါတယ်၊ ကျွန်တော်တို့ ဟိုဘက်ရပ်ကွက်က အသုဘ အိမ်မှာ ဖဲသွားရိုက်ရင်း ပြန်လာတာပါ၊ သူခိုး အော်သံကြားလို့ ကူရအောင် လာခဲ့တာပါ" လို့ပြန် ဖြေပါတယ်။ သူတို့ နှစ်ယောက်ထဲက တစ်ယောက်က " ဘယ်မှာ လဲ သူခိုး၊ ဘယ်မှာလဲ သူခိုး" ဆိုပြီးတော့ ကျွန်တော့် ခြံထဲကို အတင်း ဝင်လာပါတယ်။ အိမ်နားထိ ရောက်အောင်သွားပြီး သူခိုး ရှာတဲ့ ပုံစံနဲ့ ဟိုကြည့် ဒီကြည့် လိုက်ကြည့် နေပါတယ်။

သူခိုးကို မတွေ့တဲ့ အဆုံးမှာ လူတွေအားလုံး ကိုယ့်အိမ် ကိုယ်ပြန်သွားကြတော့မှ အစ်မငယ်က "မောင်မောင် ငါကတော့ ခုနက ဘယ်မှာလဲ သူခိုး ဆိုပြီး အိမ်ထဲ အတင်းဝင်လာတဲ့ သူရဲ့ နောက်ကျောပုံစံက ခုနက ငါ မြင်လိုက်တဲ့ သူခိုးပုံစံနဲ့ တစ်ထေရာတည်းဘဲ၊ သူခိုးကို ငါ မျက်နှာ သေသေချာချာ မမြင်လိုက်ပေမဲ့ ပြေးထွက်သွားတဲ့ သူ့ နောက်ကျောပုံက ဆံပင်တိုတို၊ စွပ်ကျယ်လက်ပြတ်၊ ပုဆိုး အနီကွက် ဝတ်ထားတာတွေ အားလုံးဟာ ခုနက ငါတွေ့ လိုက်တဲ့လူနဲ့ တစ်ပုံစံတည်းဘဲ"လို့ ပြောပြ ပါတယ်။ "ဟာ နင်ကလဲ ငါ့ကို အခုမှ ဘာလို့ ပြောရတာလဲ၊ စောစော က တည်းက ပြောလိုက်ရင်ပြီးရော၊ အခုလူတွေအားလုံး ပြန်သွားပြီ၊ သူခိုးရော ရပ်ကွက်လူကြီးရော ပြန်သွားပြီ၊ ဘယ်လိုလုပ် သွားပြန်ဖမ်းတော့မလဲ" လို့ ပြန်ပြော လိုက်ပါတယ်။

အစ်မက သူလဲ ဟုတ်မဟုတ် သေသေချာချာ စဉ်းစားနေတာမို့ လူတွေကြား မှာ မပြောဖြစ်ဘဲ အားလုံးပြန်သွားပြီးမှ ပြောတာဖြစ်ကြောင်း ရှင်းပြပါတယ်။ သူခိုးက ကျကျန်ခဲ့တဲ့ သူ့ဓါတ်မီးကို အတည်ပေါက်နဲ့ ပြန်လာယူတာ ဖြစ်နိုင် ပါတယ်။ ကျွန်တော်တို့ အိမ်က သူ့ဘာမှ မခိုး သွားနိုင်ဘဲ သူ့ဓါတ်မီးကိုသာ ကျွန်တော်တို့ ရလိုက်ပါတယ်။ အဲဒီအကြောင်း ကို အိမ်နားကပ်လျှက်က အစ်ကိုကြီးကိုပြောပြတော့ အဲဒီကောင်ဟာ သူခိုး ဖြစ်တယ်ဆိုတာ သူ အရင် ကတည်းက သေသေချာချာ သိထားကြောင်း၊ တစ်လောက လမ်းထိပ်မှာ ဖွင့်ထားတဲ့ သူ့အစ်မ မုန့်ဆိုင်ကို ဖောက်ထွင်း ခိုးသွားကြောင်း၊ သူခိုးရဲ့ မိန်းမဟာ ကလေးငယ်လေး မွေးပြီးခါစဖြစ်တဲ့အပြင် သူကိုယ်တိုင် ဆေးခြောက် စွဲနေတဲ့ အတွက် အခုလို ခိုးနေတာ သူတို့သိကြောင်း လက်ပူး လက်ကြပ် မမိသေးလို့ ဖမ်းလို့ မရသေးကြောင်း ပြောပြပါတယ်။ အဲဒီ သူခိုးဟာ ကျွန်တော် ညတိုင်း ပြန်လာရင် တွေ့လေ့ရှိတဲ့ လမ်းထိပ်နားမှာ စောင်ခြုံပြီး ထိုင်နေတဲ့သူ ဖြစ်နေပါတယ်။

အိမ်တစ်အိမ်မှာ ဒါမှမဟုတ် ရပ်ကွက် တစ်ရပ်ကွက်မှာ သူခိုးရှိရင် အိမ် (သို့ ) ရပ်ကွက် "နာ" ပါတယ်။ အေးအေးလူလူ မနေရပါ။ သူခိုးရဲ့ ရန်ကလဲ စိတ် အနှောက်အယှက် ဖြစ်ဖို့ ကောင်းပြန်ပါတယ်။

ကျမ်းစာထဲမှာ သူခိုး အကြောင်း ဘယ်နှစ်ခု ရေးထားသလဲ ဆိုတာ သေသေ ချာချာ မသိပေမဲ့ ကျွန်တော် ဖတ်ဖူးထားသလောက် "သူခိုး" တစ်ချို့ ကို ထုတ်နှုတ် တင်ပြရမယ်ဆိုရင် ...

၁) **အာခန်** ( ထာဝရ ဘုရားသခင် မယူခိုင်းဘဲ ကျိန်ထားတဲ့ ဥစ္စာ ပစ္စည်းကို ခိုးယူထား ပါတယ်။ ဒါ့ကြောင့် နောက်ဆုံးမှာ မိသားစုလိုက် ကျောက်ခဲနဲ့ ပစ်ပေါက် သတ်ခြင်းခံရပါတယ်။)
**ယောရှု ၇း၁၁ – အာခန်သည် ... ကျိန်အပ်သောအရာကို ခိုးယူ၍ ပရိယာယ် ပြုသဖြင့် မိမိ ဥစ္စာထဲမှာ ထားလေ၏။**

၂) **အဗရှလုံ** (ရှင်ဘုရင် ရာထူးကို လိုချင်လို့ နန်းတော်ရှေ့မှာ သဘောကောင်း ဟန်ဆောင်ပြီး လူတွေကို နှုတ်ဆက်ပြုံးပြကာ လူတွေ ရဲ့ စိတ်နှလုံး ကို ခိုးယူထားပါတယ်။ ဒါ့ကြောင့် နောက်ဆုံးမှာ စစ်တိုက်ရင်း အသက် သေဆုံး သွားခဲ့ရပါတယ်။ )
**၂ရာ ၁၅း၆ – ရှင်ဘုရင် ထံတော်သို့လာသော တရားသရေလ အမျိုးသား အပေါင်း တို့ အား အဗရှလုံ ပြု၍ သူတို့ စိတ်နှလုံးကို ခိုးလေ၏။**

၃) **ယုဒရှကာရုတ်** ( သာသနာ ငွေအိတ်ကို ကိုင်တဲ့ ဘဏ္ဍာထိန်း ဖြစ်တဲ့ အတွက် မာရိရဲ့ နာဒုဆီမွှေးကို ရောင်းပြီး ရတဲ့ငွေနဲ့ ဆင်းရဲသားကို လှူဖို့ ပြောပေမဲ့ အဲဒီ ငွေကို ခိုးချင်လို့ ဖြစ်ပါတယ်။ ဒါ့ကြောင့် နောက်ဆုံးမှာ ကိုယ့်ကိုယ်ကို ဆွဲကြိုးချ သေကြောင်းကြံစည်ခဲ့ပါတယ်)
**ယော ၁၂း၆ – မိမိသည် သူခိုး ဖြစ်သျှက် တပည့်တော်များ သုံးရန် ငွေအိတ်ကို ဆောင်၍ နှိုက်ယူ တတ်သောကြောင့်သာ ဆိုသတည်း။**

၄) **စာတန် မာရ်နတ်** ကို သူခိုး အဖြစ်နဲ့ ခိုင်းနှိုင်းထားပါတယ်။ ( သခင်ယေရှုဟာ ကောင်းသော သိုးထိန်းဖြစ်ပြီး၊ စာတန်ကို သူခိုး အဖြစ် ခိုင်းနှိုင်း ထားပါတယ်။ နောက်ဆုံးသော နေ့ရက်မှာ ထာဝရ မီးငရဲ အိုင်ထဲ ချပစ်ခြင်း ခံရမှာဖြစ်ပါတယ်။ )
**ယော ၁၀း၈၊၁၀ – ငါ့ရှေ့၌ ပေါ်လာသော သူရှိသမျှတို့သည် သူခိုး ထားပြ ဖြစ်ကြ၏ ... သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း ၊ ဖျက်ဆီးခြင်း ငှာသာ လာတတ်၏**

၅) **သခင်ယေရှု ပြန်ကြွလာမဲ့ နေ့ရက်** ကို သူခိုးကဲ့သို့ လာမည်လို့ ရေးသား ထားပါတယ်။ ( သခင်ယေရှုကို သူခိုး လို့ ပြောတာ မဟုတ်ပါ၊ ကြွလာမဲ့ နေ့ရက်က သူခိုး လိုလာမယ်လို့ ဆိုလိုခြင်းပါ၊)
**မဿဲ ၂၄း၄၃–၄၄ – သူခိုး လာမည် အချိန်နာရီကို အိမ်ရှင်သိရလျှင် မိမိ အိမ်ကို မထွင်း မဖောက်စေခြင်းငှာ စောင့်နေလိမ့်မည် ... သင်တို့ မထင် မမှတ် သော အချိန် နာရီ၌ လူသားသည် ကြွလာလိမ့်မည်။**

*သင်ခန်းစာယူရန်*

* အာခန် လို ဘုရားသခင် ကျိန်ထားတဲ့အရာ ကို မခိုးယူဖို့ သတိပြုရပါမယ်။
* အဗရှလုံ လို ဘုရားကို ခုတုံးလုပ်ပြီး လူတွေ သဘောကျအောင် လူတွေရဲ့ စိတ် နှလုံးကို မခိုးယူဖို့ သတိပြုရပါမယ်။
* သူခိုးကြီး စာတန်ရဲ့ သားကောင် မဖြစ်ဖို့ သတိပြု နေထိုင်ရပါမယ်။
* သူခိုးကဲ့သို့ ရောက်ရှိလာမဲ့ သခင်ယေရှု ကြွလာမဲ့ နေ့ရက်ကို သတိနဲ့ စောင့်ဆိုင်း အသက်ရှင်ရပါမယ်။

ကိုယ့်ဝင်ငွေထဲက ဆယ်ဖို့တစ်ဖို့ကို ဘုရားသခင်အတွက် ပြန်မလှူတာဟာ အလှူငွေကို ခိုးယူတာ ဖြစ်ပါတယ်။ သီချင်း ဆိုတတ်၊ တူရိယာ တီးတတ်ရဲ့သားနဲ့ ဘုရား အတွက် မသီဆို၊ မတီးခတ်ခဲ့ရင် ဘုရားပေးတဲ့ အစွမ်းသတ္တိကို ခိုးယူတာ ဖြစ်ပါတယ်။ သက်သေခံ၊ တရားဟော၊ စာရေး တတ်ရဲ့ သားနဲ့ မဟော မပြော မရေးဘဲ နေရင် ဘုရားပေးထားတဲ့ ဝိညာဉ် ဆုကျေးဇူး ကို ခိုးယူတာ ဖြစ်ပါတယ်။ ဘုရားက အသက်ရှင်ခွင့် ပေးထားရဲ့ သားနဲ့ ဘုရား အတွက် အသက် မရှင်ခဲ့ရင် ဘုရားပေးတဲ့ အသက် ကို ခိုးယူတာ ဖြစ်ပါတယ်။ ဘုရားဘုန်း ထင်ရှားဖို့ထက် မိမိ ပေါ်ပြူလာ ဖြစ်ဖို့ လုပ်ဆောင်ခြင်း ဟာ ဘုရားသခင်ရဲ့ ဂုဏ်အသရေ ကို ခိုးယူတာ ဖြစ်ပါတယ်။

**( တိတု ၂း၁၀ – တိတ်ဆိတ်စွာ ခိုးယူခြင်းကို မပြုဘဲ ခပ်သိမ်းသော သစ္စာ ကို ထင်ရှားစွာ ပြမည်အကြောင်း တိုက်တွန်း သွေးဆောင်လော့။ )**

**(မင်းအောင်သက်လှိုင်)**





မင်း အောင် သက် လှိုင် မှ စဉ် ဆက် ပေ သည်
Phone (65) 81222320 , ( e-mail ; min_atl @ yahoo.com.sg )